# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 26 January 2018 ၉၁၈၁


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံ

## နှစ်နိုင်ငံ နယ်စပ်ဂိတ်များ ဖွင့်လှစ်ရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နယူးဒေလီ ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီတို့သည် ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် နယူးဒေလီမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ (Hyderabad House)၌ တွေ့ဆုံခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မပြီးပြတ်သေးသော နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးကိစ္စရပ်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် အကြမ်းဖက်မှုများအား နှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား နယ်စပ်ဂိတ်များ ဖွင့်လှစ်၍ နှစ်ဖက်ဒေသ ပြည်သူများ အပြန်အလှန် ကူးသန်းသွားလာနိုင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**

## နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် အဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြု

စာမျက်နှာ - ၅

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အဆင့်မြှင့်တင်ရန်အတွက် နိုင်ငံတကာ ချေးငွေနှင့် အထူးရန်ပုံငွေများရရှိရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၅

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင် Governor Bill Richardson အား အကြံပေးအဖွဲ့၌ ဆက်လက်ပါဝင်မှုကို ရပ်စဲ

နေပြည်တော် ဇန်နဝါရီ ၂၅

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

**သတင်းထုတ်ပြန်ချက်**

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

၁။ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာ ဆူရာခီရတ် ဆတ်သီယာထိုင်း ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် နေပြည်တော်တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂-၂၄ ရက်နေ့တို့၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂။ အကြံပေးအဖွဲ့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇန်နဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း အသီးသီး တွေ့ဆုံခဲ့ပါသည်။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**




## ကြေးမုံ

# ငြိမ်းချမ်းရေးရောင်ခြည် လင်းလက်လာပြီ

ကမ္ဘာပေါ်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက်ဖက်ပြိုင်တိုက်ခဲ့ကြသော နိုင်ငံများသာမက တစ်နိုင်ငံအတွင်း လူမျိုးအချင်းချင်း ဖြစ်ပွားကြသည့် ပဋိပက္ခများအား ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ငြိမ်းချမ်းသော ပန်းတိုင်သို့ ရောက်ရှိခဲ့သည့် သက်သေသာဓကများရှိခဲ့သည်။ လူမျိုးတစ်မျိုးတည်းပင်ဖြစ်သော်လည်း အယူဝါဒကွဲပြားမှုကြောင့် တစ်ဦးနှင့်တစ်ဦး ရန်သူသဖွယ်ဖြစ်ခဲ့ကြသည့် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံသည်ပင် တပေါင်းတစည်းတည်း ဆက်ဆံနေထိုင်လိုသည့် သဘောထားများ ပြသလာကြသည်။

ငြိမ်းချမ်းခြင်းကို ပြည်သူတိုင်း လိုလားကြသည်။ ပြည်သူတိုင်း မျှော်လင့်ကြသည်။ မျက်မှောက်ကာလ ကမ္ဘာပေါ်၌ လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပွားရာတွင် အကြမ်းဖက်သမားများနှင့်သာ အများဆုံးဖြစ်ပွားသည်ကို တွေ့ရသည်။ နိုင်ငံအချင်းချင်း တိုက်ခိုက်ရန်ပြုမှုများ မရှိတော့ဘဲ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ အနည်းငယ်သာ ကျန်ရှိတော့သည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းခြင်းမှာ ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာနိုင်သောကြောင့် ဖြစ်သည်။

ကမ္ဘာပေါ်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အရှည်ကြာဆုံးနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်ကာလမှစ၍ ယနေ့ထက်တိုင် လက်နက်ကိုင်ပဋိပက္ခများရှိနေသေးသည်ကို မြင်တွေ့ရသည်။ ပြည်တွင်း၌ လက်နက်ကိုင်ပဋိပက္ခများ နှစ်ပေါင်းရှည်ကြာ ဖြစ်ပွားသောကြောင့် တိုင်းပြည်ထိခိုက်နစ်နာမှုဖြစ်ရသည်။ တိုင်းရင်းသားပြည်သူများ ဒုက္ခဆင်းရဲရောက်ရသည်။ အချုပ်အားဖြင့်ဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည်။

ထိုသို့အကျိုးမများသော မငြိမ်းချမ်းသောဖြစ်စဉ်များကို ခေတ်အဆက်ဆက် အဖြေရှာလာခဲ့သော်လည်း ငြိမ်းချမ်းရေးပန်းတိုင်နှင့် အလှမ်းဝေးနေသေးသည်။ မျက်မှောက်ကာလ တွင် ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အဖွဲ့အစည်းပေါင်းစုံ တို့က မနေမနားကြိုးပမ်းဆောင်ရွက်နေကြသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို အကောင်အထည် ဖော်ရင်း ငြိမ်းချမ်းရေးပန်းတိုင်နှင့် နီးသထက်နီးအောင် ကြိုးပမ်းဆောင်ရွက်ကြသည်။

ငြိမ်းချမ်းရေးခရီး၌ အဓိကအကျဆုံးနှင့် အခြေခံအကျဆုံးဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်လက်မှတ်ရေးထိုးရန် ဝိုင်းဝန်းညှိနှိုင်း ကြိုးပမ်းဆောင်ရွက်ကြသည့် NCA ဟု ခေါ်တွင်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ယခုအဖွဲ့ နှစ်ဖွဲ့ထပ်မံလက်မှတ်ရေးထိုးရန် ကမ်းလှမ်းလာသည်မှာ တိုင်းပြည်နှင့် လူမျိုးအတွက် မင်္ဂလာရှိသော သတင်းကောင်းပင် ဖြစ်သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် (PC)တို့နှင့် NMSP (မွန်) အဖွဲ့တို့ ရှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရခဲ့သည့်ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် လက်မှတ်ရေးထိုးရန် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က ဇန်နဝါရီလ ၂၃ ရက်နေ့တွင် တစ်နိုင်ငံလုံးသို့ အသိပေးလိုက်သည်။

တိုင်းရင်းသားအဖွဲ့နှစ်ဖွဲ့က ငြိမ်းချမ်းရေးခရီးတွင် အရေးပါသည့် လုပ်ဆောင်မှုအတွက် ဆုံးဖြတ်ချက်ချလိုက်ခြင်းအပေါ် တိုင်းရင်းသားပြည်သူအပေါင်းတို့က ဝမ်းမြောက်ဝမ်းသာကြိုဆိုဂုဏ်ပြုကြမည်ဖြစ်သည်။ ပြည်ထောင်စုနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးအတွက် ဤသို့ပူးပေါင်းပါဝင်မှုကို ကျေးဇူးတင်ကြပေလိမ့်မည်။ အစိုးရ၊ တပ်မတော်တို့နှင့် ပူးပေါင်းလက်တွဲ၍ သံသယများဖျောက်၍ ငြိမ်းချမ်းရေးခရီးတွင် ဖြောင့်တန်းစွာ လျှောက်လှမ်းမည်ဖြစ်သောကြောင့် တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်ပေလိမ့်မည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တနေသည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကျန်ရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ဆက်လက်ပါဝင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။ ။

# ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

# ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်း တည်ဆောက်မည့်မြေနေရာနှင့် နယ်စပ်ဂိတ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများအား ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇန်နဝါရီ ၂၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၇ နာရီတွင် မြစ်ကြီးနားမြို့မှ ကန်ပိုက်တီမြို့သို့ သွားရောက်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်း ဆောင်ရွက်မည့် မြေနေရာနှင့် နယ်စပ်ဂိတ် အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝိုင်းမော်-ကန်ပိုက်တီ-ချီဗွေလမ်းခွဲနေရာတွင် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်း တည်ဆောက်ရန် လျာထားသည့် မြေနေရာ၌ တာဝန်ရှိသူများက မြေယာရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းဆောင်ရွက်မည့် မြေနေရာအတွင်း ဒေသခံတောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေး စီမံဆောင်ရွက် ပေးသွားရန်နှင့် စီမံကိန်းဆောင်ရွက်မည့် နေရာဒေသရှိ ကျေးရွာများမှ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုတင်စဉ်းစား ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ကန်ပိုက်တီမြို့ နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကန်ပိုက်တီဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ နယ်စပ်အဝင်လမ်း တိုးချဲ့ခြင်း၊ နားနေဆောင် တည်ဆောက်ရေး စီမံကိန်းများ၊ မြို့ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်မှု အခြေအနေနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖြည့်စွက်ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းများနှင့် ပတ်သက်၍ မြေယာကို အကျိုးရှိစွာ အသုံးချရန် လိုအပ်ကြောင်း၊ မိမိတို့ရိုးရာဟန်ဖြင့် အကောင်းဆုံးနယ်စပ်ဂိတ် ဖြစ်စေရေး၊ ဒေသခံ တိုင်းရင်းသားတို့၏ အကျိုးစီးပွားကို မျှော်မှန်း၍ ရေရှည်အတွက် စီမံဆောင်ရွက်သွားကြရန်၊ One Stop Service (OSS) လုပ်ငန်းများကို ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနများအနေဖြင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။ ဆက်လက်၍ နယ်စပ်အဝင်လမ်းတိုးချဲ့ခြင်းနှင့် နားနေဆောင် တည်ဆောက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေး လိုဏ်ဂူတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝိုင်းမော်မြို့နယ် ဝေ့ချိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ကြည့်ရှုစစ်ဆေးပြီး ဒိန်ဂျန်ယန်ကျေးရွာရှိ တစ်သျှူးငှက်ပျောစိုက်ခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရန်ကုန်(ရွှေဈေး) ၉၅၅၀၀၀ - ၉၅၅၀၀၀ မန္တလေး(ရွှေဈေး) ၉၅၅၀၀၀ - ၉၅၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၅/၈၃၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၅/၈၁၀ ကျပ်၊ | ၈၈၀/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၅၀ ကျပ်၊ | ၈၉၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၅/၈၀၅ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၅/၈၁၅ကျပ်၊ အောက်တိန်း၉၂ တစ်လီတာ ၇၄၈/၇၆၀ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၀. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၄၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၆. ၁ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၅. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀. ၃၆ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၄၃၂ | (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၉. ၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၃. ၃၇ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၃. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## လက်တူးတွင်း တူးဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရွှေကျင် ဇန်နဝါရီ ၂၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အထက်မဲဇောင်းကျေးရွာ လက်တူးတွင်း တူးဖော်ပြီးစီးနေမှုကို ဇန်နဝါရီ ၂၃ ရက်က ရွှေကျင်မြို့နယ် ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများက စစ်ဆေးခဲ့သည်။

အဆိုပါ လက်တူးတွင်းဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၉၇ လုံး၊ လူဦးရေ ၄၉၀ အား ရေရရှိရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**၅၆၈**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံ့အကြီးအကဲများ၏ သီးသန့်အစည်းအဝေးသို့တက်ရောက်



အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**နယူးဒေလီ ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် (Rashtrapati Bhavan)၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်က အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာစားပွဲသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်ဇူယွမ်ဖတ်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၊ မလေးရှားဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်၊ ဘရူနိုင်းဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၊ အင်ဒိုနီးရှားသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို တို့ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်နှင့်ဇနီးနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နေ့လယ်စာစားပွဲကိုကျင်းပရာ အိန္ဒိယသမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်နှင့် လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့က ဆုတောင်းမိန့်ခွန်းများ အပြန်အလှန်ပြောကြားကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံ့အကြီးအကဲများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်ဇူယွမ်ဖတ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

ယင်းအစည်းအဝေးတွင် “ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးဘာသာရပ်”ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အိန္ဒိယနှင့်အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အာဆီယံ-အိန္ဒိယ ရေကြောင်းပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ သဘောထားအမြင်နှင့် မြန်မာနိုင်ငံတွင် ရေကြောင်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာနာရင်ဒရာမိုဒီနှင့်အတူ Mughal ပန်းဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Hotel Taj Diplomatic Enclave ၌ကျင်းပသည့် အမှတ်တရတံဆိပ်ခေါင်း(၁၁)ခု ထုတ်ဝေခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်ဇူယွမ်ဖတ်နှင့် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်တွင် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

**✻ ရခိုင်ပြည်နယ်မှ**

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက အကြံပြုချက်များအပေါ် အကောင်အထည်ဖော်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

၃။ အကြံပေးအဖွဲ့သည် ဇန်နဝါရီလ ၂၄-၂၅ ရက်နေ့တို့တွင် ရခိုင်ပြည်နယ်သို့ သွားရောက်၍ မြေပြင်အခြေအနေများကို ကိုယ်တိုင်လေ့လာခဲ့ကြပြီး ဒေသခံများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခွင့်ရရှိခဲ့ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရာတွင် ပကတိမြေပြင်အခြေအနေနှင့်လျော်ညီစွာ တတ်နိုင်သမျှ အတိုတောင်းဆုံးအချိန်အတွင်း အကောင်အထည်ဖော်သွားရေးအတွက် သန္နိဋ္ဌာန်ချထားပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ပွင့်လင်းသည့် အကြံပြုချက်များရရှိရန်အတွက် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များပါဝင်သည့် အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

၅။ နေပြည်တော်တွင် ဇန်နဝါရီလ ၂၂ ရက်နေ့၌ ဆွေးနွေးမှုများ ပြုလုပ်စဉ်အတွင်း အကြံပေးအဖွဲ့ဝင်တစ်ဦး ဖြစ်သူ Governor Bill Richardson ၏ ရည်ရွယ်ချက်သည် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အခြေခံ၍ အကြံပေးခြင်းမျိုးမဟုတ်ဘဲ ၎င်း၏ ပုဂ္ဂလိက အကျိုးကိုရှေးရှု၍ ဆောင်ရွက်လိုသည်မှာ ထင်ရှားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယင်းကဲ့သို့ မတူညီသည့် ခံယူချက်များရှိခြင်းကြောင့် ၎င်းအား အကြံပေးအဖွဲ့တွင် ဆက်လက်ထည့်သွင်းပါဝင်စေခြင်းမှာ သက်ဆိုင်သူများအားလုံးကို အကျိုးပြုမည်မဟုတ်သည့်အတွက် အကြံပေးအဖွဲ့တွင် ၎င်း၏ ပါဝင်မှုကို ရပ်စဲရန် နိုင်ငံတော်အစိုးရအနေဖြင့် ဆုံးဖြတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**✻ ရွှေဖုံးမှ**

အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်ဧည့်ဂေဟာ (Hyderabad House) ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ **သတင်းစဉ်**

# အီတလီနိုင်ငံ မီလန်မြို့တွင် ခရီးသည်တင်ရထားတစ်စင်း ပြေးလမ်းချော်တိမ်းမှောက်၊ အနည်းဆုံး လေးဦးခန့် သေဆုံး

**မီလန် ဇန်နဝါရီ ၂၅**

အီတလီနိုင်ငံမြောက်ပိုင်းတွင် ခရီးသည်တင် ရထားတစ်စင်း ပြေးလမ်းချော် တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလေးဦးခန့် သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဇန်နဝါရီ ၂၅ ရက် နံနက် ၇ နာရီဝန်းကျင်တွင် အီတလီနိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်သည့် မီလန်မြို့ ဆင်ခြေဖုံးတစ်နေရာတွင် အဆိုပါ ရထား လမ်းချော်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါမတော်တဆဖြစ်ပွားမှုကြောင့် ခရီးသည်လေးဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၀၀ ခန့်ရှိကြောင်း ဒေသန္တရမီဒီယာက တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

ရထားပြေးလမ်းချော်ပြီးနောက် ရထားအတွင်းပိတ်မိနေသည့် ခရီးသည် များအား ရဲအရာရှိများနှင့် ကယ်ဆယ်ရေးလုပ်သားများက လိုက်လံရှာဖွေ ကယ်ဆယ်လျက်ရှိသည်။

အဆိုပါရထားသည် ခရီးသည် ရာပေါင်းများစွာတင်ဆောင်ကာ ခရီမိုနာ မြို့မှ မီလန်အလယ်ပိုင်းသို့ ဦးတည်သွားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**









## ဒီအေစီအေ အစီအစဉ်နှင့် အကျုံးဝင်သူများကို နိုင်ငံသားအဖြစ် လက်ခံနိုင်ရေး သမ္မတ ထရန့်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

နယ်စပ်လုံခြုံရေးအတွက် တံတိုင်းစည်းရိုး ကာရံနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ ရရှိရန် လိုအပ်မည် ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုသို့ ကလေးဘဝကပင် မိဘများနှင့်အတူ ရောက်ရှိလာခဲ့ကြသူများအား နိုင်ငံသားအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် မိမိဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်အတွက် အခြေခံမူများကို မိမိသုံးသပ်လျက်ရှိကြောင်း၊ ကွန်ဂရက်လွှတ်တော်ရှိ ရီပတ်ဘလီကန်များနှင့်ရော ဒီမိုကရက်များနှင့်ပါ သဘောတူညီချက်တစ်ရပ် ရရှိနိုင်မည်ဟု မိမိမျှော်လင့်မိကြောင်း သမ္မတ ထရန့်က အိမ်ဖြူတော်၌ ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

တရားမဝင်ရွှေ့ပြောင်း အခြေစိုက်နေထိုင်သူများအား တားဆီးနိုင်ရေးအတွက် ဥပဒေစည်းမျဉ်းများ တင်းကျပ်ရန် သဘောထားတင်းမာသော အမတ်များက တောင်းဆိုခဲ့ကြပြီး ငယ်စဉ်ကလေးဘဝကပင် မိဘများနှင့်အတူ အမေရိကန်သို့ ရွှေ့ပြောင်းရောက်ရှိလာခဲ့ကြသော လူပေါင်း ၇၀၀၀၀၀ ခန့်ကို ဌာနေပြန်ပို့ရန်လည်း ၎င်းတို့က တောင်းဆိုခဲ့ကြသည်။

အမေရိကန်၌ မိဘများနှင့်အတူ ကလေးဘဝမှစ၍ အခြေချခဲ့ကြသူများသည် ဌာနေပြန်ပို့ခံရမည့် အရေးအတွက် စိုးရိမ်ပူပန်မှုမရှိကြစေလိုကြောင်း သမ္မတ ထရန့်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရွှေ့ပြောင်းအခြေစိုက်နေထိုင်ခြင်းကို ကန့်သတ်နိုင်ရေးအတွက် ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်သွားနိုင်ရန် လုပ်ကိုင်ပါမည်ဟု ထရန့်က ၂၀၁၆ ခုနှစ် သမ္မတ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ကတိပြုခဲ့သည်။

ယခင် ဒီမိုကရက်တစ် သမ္မတ ဘာရက်အိုဘားမားလက်ထက်က ကလေးဘဝမှာပင် မိဘများနှင့်အတူ အမေရိကန်သို့ ရောက်ရှိလာသူများအား ဌာနေပြန်ပို့ခြင်းမှ ဆိုင်းငံ့ထားရန် အစီအစဉ်(ဒီအေစီအေ)ကို ထုတ်ပြန်ခဲ့ပြီး ယင်းအစီအစဉ်ကို မိမိအဆုံးသတ်တော့မည်ဟု သမ္မတ ထရန့်က စက်တင်ဘာလတွင် ပြောကြားခဲ့သည်။ ယင်း အစီအစဉ်အရ ကာကွယ်စောင့်ရှောက်ပေးထားခြင်းခံရသူ လူပေါင်း ၇၀၀၀၀၀ ခန့်မှာ အများအားဖြင့် ဟစ္စပန်းနစ်နွယ်ဖွား များဖြစ်ကြသည်။

**ရိုက်တာ**

## ကဘူးမြို့ ဟိုတယ်တိုက်ခိုက်ခံရမှုတွင် အမေရိကန်နိုင်ငံသား လေးဦး သေဆုံး

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးရှိ ဟိုတယ်တစ်လုံးကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့မှုအတွင်း အမေရိကန်နိုင်ငံသား လေးဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ကဘူးမြို့ရှိ အင်တာကွန်တီနင်တယ်ဟိုတယ်ကို ဇန်နဝါရီ ၂၀ ရက်က အကြမ်းဖက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ အမေရိကန်က ပြင်းထန်စွာရှုတ်ချကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း အမေရိကန်နိုင်ငံသားလေးဦးသေဆုံးခဲ့ရပြီး နှစ်ဦးထိခိုက်ဒဏ်ရာရခဲ့သည်ဟု မိမိတို့အတည်ပြုနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနူရက်၏ကြေညာချက်တွင် ဖော်ပြသည်။

လူအသေအပျောက်များပြားသည့် ယင်းတိုက်ခိုက်မှုတွင် နိုင်ငံခြားသား ၁၄ ဦးအပါအဝင် လူ ၁၈ ဦးထက် မနည်းသေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်တာဝန်ရှိသူများက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။ အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုအတွင်း အကြမ်းဖက်သမားငါးဦးစလုံးကို အသေဖမ်းဆီးရမိခဲ့သည်။

ဇန်နဝါရီ ၂၀ ရက် ညပိုင်းက ဖြစ်ပွားခဲ့သော ယင်းဟိုတယ်တိုက်ခိုက်မှုတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက ဟိုတယ်ကို ၁၂ နာရီကြာ ဝန်းရံပိတ်ဆို့ထားခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်တွင် တိုက်ခိုက်မှုများ အဆုံးသတ်သွားခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း၊ ဟိုတယ်အတွင်းသို့ အကြမ်းဖက်သမားများ မည်ကဲ့သို့အလွယ်တကူဝင်ရောက်ခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အာဖဂန်နစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

**ဆင်ဟွာ**



## သင်္ဘောသား ၂၁ ဦးပါရှိသည့် ရုရှားငါးဖမ်းရေယာဉ် ဂျပန်ပင်လယ်အတွင်း၌ ပျောက်ဆုံးလျက်ရှိ

ဗလာဒီဗော့စတော့ ဇန်နဝါရီ ၂၅

ရေယာဉ်အဖွဲ့သား ၂၁ ဦးလိုက်ပါသွားသည့် ဗော့စတော့အမည်ရှိ ရုရှားငါးဖမ်းရေယာဉ်တစ်စင်းသည် ဂျပန်ပင်လယ်ပြင်အတွင်း ပျောက်ဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာ အရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ပရီမော့စကီးကရိုင်းပင်လယ်ကမ်းရိုးတန်းဒေသမှ ကီလိုမီတာ ၂၀၀ ခန့်အကွာ ဂျပန်ပင်လယ်ပြင်အတွင်း အဆိုပါငါးဖမ်းရေယာဉ်က အရေးပေါ် အချက်ပြမီးကို ထွန်းညှိပြခဲ့ကြောင်း၊ ပဏာမသိရသောသတင်းအချက်အလက်အရ အဆိုပါငါးဖမ်းရေယာဉ်တွင် ရေယာဉ်အဖွဲ့သား ၂၁ ဦးပါရှိသည်ဟု သိရပြီး ယင်းရေယာဉ်နှင့်အဆက်အသွယ် ရရှိရေးအတွက် နည်းလမ်းမျိုးစုံကို အသုံးပြုကာ ဆောင်ရွက်သော်လည်း ဆက်သွယ်၍ မရသေးကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ပျောက်ဆုံးငါးဖမ်းရေယာဉ်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေပြီး ရုရှားကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်ရေယာဉ်များကို အဆိုပါဒေသသို့ စေလွှတ်ထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အမ်အိုင်-၈ အမျိုးအစားရဟတ်ယာဉ်များကိုလည်း ပျောက်ဆုံးငါးဖမ်းရေယာဉ်ရှာဖွေမှုလုပ်ငန်းတွင် ပါဝင်နိုင်ရန် စေလွှတ်ထားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဆင်ဟွာ

# နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန်အဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံ့ဝန်ထမ်းရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်း၊ အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နမ္မတူ မဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **နမ္မတူမြို့နယ်ရှိ နမ္မတူရပ်ကွက်ကို သတ္တုတွင်းနယ်မြေဟု အငြင်းပွားမှုများ ရှိနေပါသဖြင့် မြေအကျယ်အဝန်း ဧရိယာဧကေ အတိအကျပါရှိသော တရားဝင် အသိအမှတ်ပြု ထုတ်ပြန်ထားသည့် မြေပုံနှင့် တိကျသော ပြန်တမ်းအမိန့် ကြော်ငြာ အပါအဝင် ပိုင်ဆိုင်မှု အထောက်အထားများ ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နမ္မတူသတ္တုတွင်းရပ်ကွက်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပိုင်နက်နယ်မြေဖြစ်ပြီး နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော အဆောက်အအုံများ၊ စက်ရုံများ၊ စွန့်ပစ်ခဲချော်ချေးပုံများ ယခုတိုင်အထင်အရှားရှိနေပြီး ယခင် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် မြေအကျယ်အဝန်းဧရိယာဧကေ အတိအကျပါရှိသော မြေပုံအထောက်အထားများ ရှိသော်လည်း ပြန်တမ်း၊ အမိန့်ကြော်ငြာစာများ မတွေ့ရှိရပါကြောင်း၊ နမ္မတူမြို့နယ်ရှိ ဝင်းမြင့်မိုရ် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် နမ္မတူသတ္တုတွင်းရပ်ကွက် ဧရိယာ ၁၂၈၀ ဒသမ ၈ ဧကနှင့် ယင်းမြေဧရိယာ အပြင်ဘက်ရှိ မြန်မာအထွေထွေအထိပ် သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသော ၅ ဧက အပါအဝင် ချော်ပုံအမှတ်(၁)၊ ဝန်ထမ်းအိမ်ရာ ခြောက်လုံးတို့၏ ဧရိယာ ၆၇ ဧကခန့်မှလွဲ၍ ကျန်မြေနေရာများတွင် လိုအပ်သော ဌာနဆိုင်ရာရုံး၊ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများကို သက်ဆိုင်ရာဌာနက ဖော်ထုတ်ချမှတ်ပါက ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ဖြေကြားသည်။


ခရမ်းမဲဆန္ဒနယ်မှ
ဒေါက်တာအေးမင်း


အုတ်တွင်းမဲဆန္ဒနယ်မှ
ဒေါ်ချိုချို


ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ
ဒေါက်တာဝင်းသိန်း

မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ် မဘိမ်းသစ်ထုတ်လုပ်ရေးဒေသမှ ထုတ်လုပ်မည့် သစ်မာတန် ၂၀၀၀ နှင့် ရွှေလီ မဘိမ်းသစ်ထုတ်လုပ်ရေးဒေသမှ ထုတ်လုပ်မည့် သစ်မာ တန် ၁၀၀၀ အား အငှားကားတိုက်ရာတွင် ဒေသခံပြည်သူများ လုပ်ကိုင်ခွင့် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး ပဲခူးရိုးမကြိုးဝိုင်းမှ သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ် ရပ်နားထားပြီး ယင်းသစ်ထုတ်လုပ်ရေးဒေသများရှိ ပိုလျှံဌာနအင်အားများကို လိုအပ်သည့် သစ်ထုတ်ရေးဒေသများသို့ အင်အားရွှေ့ပြောင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ကျွန်းသစ် တန် ၁၅၀၀၀၊ သစ်မာ တန် ၃၅၀၀၀၀ အား ဌာနအင်အားဖြင့်သာ ထုတ်လုပ်ရန် လျာထားပါကြောင်း၊ ဌာနအင်အားဖြင့် မလုံလောက်သော လုပ်ငန်းတစ်ခုချင်းအလိုက် သစ်တန်အတွက်သာ အငှားအင်အားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာနမှထုတ်လုပ်မည့် သစ်များအား **“မူ”** အရ အဖြစ်နိုင်ဆုံး ဌာနအင်အားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဌာနအင်အားဖြင့် မလုံလောက်သည့် သစ်တန်အတွက်သာ ပြင်ပမှ ငှားရမ်းအသုံးပြုသွားမည်ဖြစ်ပါကြောင်း။

သို့ရာတွင် မြန်မာ့သစ်လုပ်ငန်း၏ ၂၀၁၇-၂၀၁၈ သစ်ထုတ်ရာသီ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စီမံကိန်းသစ်ထုတ်ရန် လျာထားချက်အပေါ် အငှားကားတိုက်ဆောင်ရွက်ရန် မရှိသော်လည်း မိုးမိတ်၊ ရွှေလီ- မဘိမ်းဒေသများတွင် သစ်တောဦးစီးဌာနက ဖမ်းဆီးရမိသည့် သစ်များအား ကားတိုက်သယ်ယူရန်ရှိပါက ဒေသခံလုပ်ငန်းရှင်များကို ဦးစားပေးငှားရမ်း သုံးစွဲမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း လုပ်ငန်းများအား စနစ်တကျ အားပေးကူညီ ဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှု အခြေအနေများအား ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောဦးစီးဌာနအနေဖြင့် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်ဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းကို အောင်မြင်ရန် စတင်စိုက်ပျိုးသည့်နှစ်တွင် သစ်တောပျိုးပင်များ အခမဲ့ဖြန့်ဝေခြင်း၊ သစ်တောစိုက်ပျိုးပြုစုခြင်း နည်းစနစ်များကို ကူညီပံ့ပိုးခြင်း၊ CF Unit အဖွဲ့ဝင်များက လစဉ် ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်း၊ နှစ်စဉ်ဆောင်ရွက်သည့် လုပ်ငန်းတိုးတက်မှုများကို နှစ်စဉ်သုံးသပ်တင်ပြခြင်း၊ အခါအားလျော်စွာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ကာ ဆောင်ရွက်ရမည့်လုပ်ငန်းများ အကြံပြုခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးသူများကို အောင်မြင်လျက်ရှိသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ဆောင်ရွက်လျက်ရှိသော ဒေသခံပြည်သူ အစုအဖွဲ့များသို့ သွားရောက်လေ့လာစေခြင်း စသည့် နည်းလမ်းများဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခင်းများ အောင်မြင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသော တားမြစ်ချက်များ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း စသည်တို့ကို ဖောက်ဖျက်ကျူးလွန်သည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို စိစစ်ပယ်ဖျက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့အတူ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း၊ ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်နှင့် မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း**ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဝင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အဆင့်မြှင့်တင်ရန်အတွက် နိုင်ငံတကာချေးငွေနှင့် အထူးရန်ပုံငွေများရရှိရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အဆင့်မြှင့်တင်ရန်အတွက် ပြည်ထောင်စုရန်ပုံငွေအပြင် သီးသန့်အထူးဦးစားပေး အစီအစဉ်ဖြစ်သော နိုင်ငံတကာချေးငွေနှင့် အထူးရန်ပုံငွေများရရှိရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး Public Private Partnership(PPP) စနစ်ဖြင့်လည်း ဆောင်ရွက်ရန် လျာထားလျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးတွင် ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို အထူးဦးစားပေးအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မကုန်မီ အပြီးသတ် ကတ္တရာထပ်ပိုးလွှာ ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် လမ်းမိုင်အရှည် ၃၆၆ မိုင် ၃ ဖာလုံရှိပြီး အသွားအပြန် ၇၃၂ မိုင် ၆ ဖာလုံရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ၂၅ ပေအကျယ် ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ ၁၄၉ မိုင် ၅ ဖာလုံရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၅ ပေအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား ၁၃ မိုင် ၇ ဖာလုံ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်တွင် ကတ္တရာကွန်ကရစ်ခင်းရန် ၅၆၉ မိုင် ကျန်ရှိကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ သုည မိုင်မှ ၃၉ မိုင်အထိ ရန်ကုန်-ဘောနတ်ကြီးအပိုင်းတွင် လက်ရှိကွန်ကရစ်လမ်းကို ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း၊ အတွင်းအပြင် လမ်းပခုံး စုစုပေါင်းအကျယ် ၂ ဒသမ ၅ မီတာကိုလည်း ကတ္တရာကွန်ကရစ် လမ်းခင်းခြင်း၊ ဘောနတ်ကြီးတွင် Interchange တစ်ခု ဆောက်လုပ်ခြင်းနှင့် လမ်းတစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ချေးငွေ၊ အာဆီယံ အဆောက်အအုံ ရန်ပုံငွေအဖွဲ့ (AIF) ချေးငွေတို့ဖြင့် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြထားပါကြောင်း၊ Cabinet အတည်ပြုချက် ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၏ မဟာဗျူဟာလမ်းတစ်လမ်းဖြစ်သည့် ရမ်းဗြဲ-ကျောက်နီမော်လမ်း ၂၅ မိုင် ၅ ဖာလုံ လမ်းပိုင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရမ်းဗြဲ-ကျောက်နီမော်လမ်း ၂၅ မိုင် ၅ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး လမ်းအမျိုးအစားမှာ ကျောက်ချောလမ်းဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၉၆၇ ဒသမ ၇၇၉ သန်းဖြင့် ရမ်းဗြဲမြို့အထွက် ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်း ၄ ဖာလုံ၊ ဖြူန်းကျောက်စရစ်ခင်းခြင်း ၁၁ မိုင် ၂ ဖာလုံ၊ သစ်ပုတ်ချောင်းတံတား ပေ ၁၈၀ သံကူကွန်ကရစ် တံတားအသစ် တစ်စင်း တည်ဆောက်ခြင်း၊ တံတားချဉ်းကပ်လမ်း မြေကြီးတာပေါင် တည်ဆောက်ခြင်း၊ တံတားပေါ် ကတ္တရာလမ်းခင်းခြင်းနှင့် သစ်သားတံတား နှစ်စင်း ပြုပြင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။


ချင်းပြည်နယ်မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးလားလ်မင်းထန်


ဆောက်လုပ်ရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးကျော်လင်း

ရမ်းဗြဲ-ကျောက်နီမော်လမ်းသည် ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းဖြစ်၍ ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းများလျာထားခြင်း မရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေတွင် ကျပ် ၅၆၃ ဒသမ ၄ သန်းဖြင့် ရမ်းဗြဲမြို့အထွက်အပိုင်း၌ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း ၁ မိုင်၊ ၁၄ ပေအကျယ် ကျောက်လမ်းခင်းခြင်း နှစ်မိုင်နှင့် ၁၀ ပေ အရှည် ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း။

ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ပြည်နယ်ရန်ပုံငွေ စုစုပေါင်း ငွေကျပ် သန်း ၆၆၀ ဖြင့် ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၃ မိုင်၊ မြေပုံတံတား ပေ ၃၀နှင့် ခမောင်းချောင်းတံတား ပေ ၄၀ စုစုပေါင်းသစ်သားတံတားနှစ်စင်းအား သံကူကွန်ကရစ် တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် ရမ်းဗြဲ-ကျောက်နီမော်လမ်းကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးသော်လည်း ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **မြောက်ဦးမြို့နယ် မြောင်းဘွေ ချောင်းကူးသစ်သားတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ဥပဒေ၏ အခန်း (၃) ပုဒ်မ ၆ တွင် ဒေသခံပြည်သူများ၊ တိုင်းရင်းသားလူမျိုးစုများ၏ သဘောထားကို တောင်းခံရမည်ဆိုသည့် ပုဒ်မအသစ်တစ်ခုကို ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၄) ပုဒ်မ ၁၁ -(က) ပုဒ်မခွဲငယ် (၁)တွင် နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့် နှစ်မှစ၍ နှစ်ပေါင်း ၂၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည် ဆိုသည့်အပိုဒ်တွင် နှစ်ပေါင်း ၂၀ အစား နှစ်ပေါင်း ၃၀ ကို ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း၊ အလားတူ ပုဒ်မခွဲ(ခ)နှင့် (ဂ) တွင်လည်း နှစ်ပေါင်း ၂၀ အစား နှစ်ပေါင်း ၃၀ ကို ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၇) ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁)တွင် ဥပဒေကြမ်းကော်မတီက သုံးလအတွင်းဟု ပါရှိရာ မိမိအနေဖြင့် ခြောက်လဟုလည်းကောင်း၊

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ■

# ဖေ့စ်ဘွတ်ခ်ထဲက ဇာတ်လမ်းတစ်ပုဒ်

## ကျော်ရင်မြင့်

Jennifer Duck ဆိုတဲ့ Account က 'ကံသာယာရပ်ကွက်မှာ အမှိုက်ကားပေါ် အမှိုက်စွန့်ပစ်ရင် ပိုက်ဆံ စေတနာရှိသလောက်ပေးရတယ်။ ဘာလို့လဲမသိဘူး' ဆိုပြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်ရဲ့ ဖေ့စ်ဘုတ် (Ye Lwin) စာမျက်နှာ Comment နေရာမှာ ရေးလိုက်ပါတယ်။ မြို့တော်ဝန်ကလည်း ချက်ချင်းပဲ Reply မှာ 'နေရာလေးအတိအကျပြောပါ။ ထိထိရောက်ရောက် အရေးယူပါမယ်' ဆိုပြီး ပြန်ကြားတယ်။ Jennifer Duck က '၅၆-၅၇ ကြား၊ မနော်ဟရီနဲ့ ခိုင်ရွှေဝါကြားပါရှင့်'လို့ ပြန်ဖြေတယ်။

ဒါကို မြို့တော်ဝန် ဒေါက်တာရဲလွင်က Screenshot ရိုက်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်နဲ့ တာဝန်ရှိဝန်ထမ်းတွေ သတင်းအချက်အလက် ချက်ချင်းသိရှိဆောင်ရွက်နိုင်အောင် ဖွင့်ထားတဲ့ Viber Group မှာ တင်ပေးတယ်။ သန့်ရှင်းရေးဌာနကို တာဝန်ယူဆောင်ရွက်တဲ့ ကော်မတီဝင် ဒေါက်တာသစ်ဆင်းကလည်း 'ယခုကိစ္စကို စုံစမ်းစစ်ဆေးပါမည်'လို့ ချက်ချင်းပြန်လည်တင်ပြတယ်။ မြို့တော်ဝန် ဒေါက်တာရဲလွင်က အသိပေးဆုံးမပါ။ ဟုတ်နေရင် အခြားဝန်ထမ်းများအတွက်လည်း စာထုတ်ပေးပါဆိုပြီး မှာကြားပါတယ်။

ဒီကိစ္စဖြစ်ပေါ်လာရတာက I C G S (ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာများအတွက် အဖွဲ့အစည်း)နဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်းပြီး မန္တလေးမြို့ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက် စတင်အကောင်အထည်ဖော်တဲ့အကြောင်း သတင်းနဲ့ ဓာတ်ပုံတွေကို မြို့တော်ဝန်က ဖေ့စ်ဘုတ်မှာ ရေးပြီးတင်လိုက်တာက စပါတယ်။ Jennifer Duck ဆိုသူက အမှိုက်ပစ်ရင် ပိုက်ဆံပေးရတယ်လို့ သတင်းပေးလိုက်တာ ဖြစ်ပါတယ်။

မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်မှာ Ye Lwin ဆိုတဲ့ ဖေ့စ်ဘွတ်ခ် Account ရှိတယ်။ မြို့တော်ဝန်က မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးကော်မတီက လုပ်ကိုင်ဆောင်ရွက်နေပုံတွေကို ပြည်သူလူထုသိရအောင် သတင်းအချက်အလက်တွေ ဖေ့စ်ဘွတ်ခ်တင်တယ်။ ဒီလိုရေးတင်တဲ့အခါ အချို့ကလည်း လိုအပ်ချက်၊ အကြံပြုချက်၊ ဝေဖန်ချက်တွေ ပြန်ရေးတယ်။ အချို့ကလည်း မြို့တော်စည်ပင်သာယာရေး ကော်မတီနဲ့ ပတ်သက်လို့ သူတို့ကြုံတွေ့ရတဲ့ အဆင်မပြေမှုလေးတွေကို ဝင်ရေးကြပါတယ်။

မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ဖေ့စ်ဘွတ်ခ်ကို ထိထိရောက်ရောက် အသုံးချနိုင်တာ တွေ့ရပါတယ်။ မန္တလေးကျုံးဘေးမှာ လက်ရန်းသံပန်းတွေ တပ်မယ့်ကိစ္စမှာ ဒါကို ထင်ထင်ရှားရှားတွေ့မြင်ရတယ်။

ကျုံးနဲ့နန်းမြို့ရိုးက မန္တလေးမြို့ရဲ့ အထင်ကရတစ်ခုပါ။ သာယာလှပတဲ့နေရာ။ ကွက်လပ်ကွင်းပြင် ကျယ်ဝန်းတဲ့နေရာဖြစ်လို့ ကျုံးဘေး လေးဘက်လေးတန်က ပလက်ဖောင်းတွေမှာ လူတွေအပန်းပြေ လမ်းလျှောက်တယ်။ ကိုယ်လက်လှုပ်ရှား အားကစားလုပ်တယ်။ အေးအေးလူလူ နားနေကြတယ်။

၁၉၉၄ ခုနှစ်မှာ ကျုံးကို ပြန်ဆယ်ပြီး ကျောက်တာတမံတွေလုပ်ခဲ့တယ်။ အခုဆိုရင် နှစ်ပေါင်း ၂၀ ကျော် ၂၅ နှစ်နီးနီး ကြာပြီမို့ အချို့နေရာတွေမှာ ပြိုပျက်နေပြီ။ မခိုင်မာတော့ဘူး။ ပြန်ပြင်ဖို့လိုနေပါပြီ။ ကျုံးပတ်ပတ်လည် လေးဘက်လေးတန်မှာ လူသွားလမ်း ပလက်ဖောင်းတွေရှိတယ်။ ပလက်ဖောင်းတွေ ပျက်တာ၊ ပေါက်တာကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီကရှိတဲ့ ဘတ်ဂျက်နဲ့ နှစ်စဉ်ဖာထေးပြုပြင်ပေးတယ်။ ဒါပေမယ့် သမင်မွေးရင်း ကျားစားရင်း ဆိုသလိုပဲ၊ ရှေ့ကပြင်လိုက် နောက်ကပျက်လိုက်ပါ။ ကျုံးထဲမဆင်းအောင် ကျုံးထဲမကျအောင် အရံအတားသံလက်ရန်းတွေလည်း ကျုံးလေးဘက်မှာ လုပ်ထားပါတယ်။ ချွေချွေတာတာလုပ်ခဲ့ရတာမို့ ပါးပါးလျားလျားပါ။ ကာလကြာတဲ့အချိန်မှာ ပျက်တာများပြီး မကြာခဏ ပြုပြင်ပေးနေရပါတယ်။

နန်းမြို့ရိုးနဲ့ ကျုံးအတွင်းမြေကွက်လပ်မှာ တစ်ချိန်က မန်းသီတာ ဥယျာဉ် ရှိခဲ့ဖူးတယ်။ လူတွေ အပန်းပြေနားနေတဲ့နေရာ။ မြို့အတွက် လိုအပ်တာမို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ယခုနှစ် (၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်)မှာ မန်းသီတာ ဥယျာဉ်ကို ပြန်လည်တည်ဆောက်ဖို့ ဘတ်ဂျက်ငွေလျာထားခဲ့တယ်။ ဒါပေမယ့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က မန်းသီတာ ဥယျာဉ်ကိုဆောင်ရွက်ပေးဖို့ တာဝန်ယူလိုက်တော့ မြို့တော်စည်ပင်သာယာရေးကော်မတီမှာ လျာထားပြီးသား ဘတ်ဂျက်အပိုထွက်လာတယ်။

အခြားတစ်ဖက်မှာလည်း ယခုနှစ်မှာ လုပ်ဆောင်ဖို့လိုအပ်လို့မြို့ပြဖွံ့ဖြိုးရေး ဆောင်ရွက်ဖို့လျာထားတဲ့ အသုံးစရိတ်တွေရှိတယ်။ လုပ်ဆောင်ရာမှာ အလေအလွင့်နည်းပါးအောင် ကြပ်မတ်ဆောင်ရွက်ကြလို့ ငွေအချို့ အပိုအလျှံထွက်လာပါတယ်။ ဒီလို ငွေပိုငွေလျှံစုမိဆောင်းမိလာတော့ မြို့သူမြို့သားအများစုအတွက် လိုအပ်ချက်ဖြစ်တဲ့ သာသာယာယာ ဟင်းလင်းပြင်နေရာတစ်ခုဖြစ်တဲ့ ကျုံးဘေး လေးဘက်လေးတန်က ပလက်ဖောင်းနဲ့ သံပန်းလက်ရန်းကို ကြာရှည်ခိုင်ခံ့အောင် ပြုပြင်ဖို့ စီစဉ်တယ်။

ဒီတော့ မြို့တော်ဝန်ဒေါက်တာရဲလွင်က သူ့ဖေ့စ်ဘွတ်ကနေ ကျုံးဘေးမှာ ပလက်ဖောင်းနဲ့ သံပန်းလက်ရန်းတွေ ပြုပြင်မယ့်ကိစ္စ တင်လိုက်ပါတယ်။ နယ်ပယ်စုံ ပြည်သူလူထုက သူ့အမြင်ကိုယ့်အမြင်တွေ ပြန်ရေးတယ်။ အားပေးထောက်ခံသူတွေရှိသလို ဆန့်ကျင်ဝေဖန်သူတွေလည်း ပါတယ်။ အကြံသစ် အတွေးသစ်တွေပေးသူလည်း အများကြီးပါဝင်တယ်။ အချို့ကလည်း ကိုယ့်စိတ်ကူး အကြံဉာဏ်တွေ ဖေ့စ်ဘွတ်ခ်ကတစ်ဆင့် ပေးပို့တယ်။ ဥပမာ Myo Thet Naing ဆိုတဲ့ Account ပိုင်ရှင်က မန္တလေးရဲ့ ကိုယ်ပိုင်ဟန် တစ်ခုပါရင်ပိုကောင်းမယ်ဆိုပြီး (မြို့မတူရိယာအသင်းကြီးရဲ့ သင်္ကေတဖြစ်တဲ့) ငန်းဦးခေါင်းပိုင်းပါပြီး ဂီတသင်္ကေတဆန်တဲ့ လက်ရန်းနမူနာ ဒီဇိုင်းကိုရေးဆွဲပြီး ပို့ပေးတာ တွေ့ရပါတယ်။)

မြို့တော်ဝန် ဒေါက်တာရဲလွင်က သူ့ရဲ့ဖေ့စ်ဘုတ်မှာ ကျုံးဘေး သံပန်းနဲ့ ပတ်သက်ပြီး comment တွေ ၅၀၀ ကျော်တွေ့ရပါတယ်။ အကြံပြုချက်တွေအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပြည်သူ့ဆန္ဒ ခံယူချင်တာနဲ့ ပို့စ်တင်လိုက်တာပါဆိုပြီး ပြန်ရေးထားတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါတယ်။ ပြည်သူလူထုကလည်း သူတို့အကြံ၊ သူတို့စိတ်ကူး၊ သူတို့အခက်အခဲ၊ သူတို့ဆန္ဒကိုပြောပြချင်တာရှိပါတယ်။ ဒါပေမယ့် လက်တွေ့ဖော်ဆောင်နေသူ(လူကြီး)နဲ့ တွေ့ဖို့ခက်တယ်။ လက်တွေ့လုပ်ဆောင်နေရသူဘက်မှာ အချိန်ဆင်းရဲတာမျိုးလည်းရှိတယ်။ ပြည်သူလူထုနဲ့ တွေ့ချင်ပေမယ့် လူတိုင်းနဲ့တွေ့ဖို့အတွက် အချိန်လိုအပ်တယ်။ မန္တလေးမြို့တော်ဝန် ဖေ့စ်ဘွတ်ခ်အသုံးပြုသလို ဖေ့စ်ဘွတ်ခ်ကို ကြားခံတစ်ခုလို အသုံးပြုတဲ့အခါ အကြံကောင်း ဉာဏ်ကောင်းတွေလည်း ပြည်သူလူထုထံကရ၊ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်နိုင်လို့ ကျေနပ်ကြတာ တွေ့ရပါတယ်။

> “နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါတယ်၊ ပြည်သူလူထုကလည်း သူတို့အကြံ၊ သူတို့စိတ်ကူး၊ သူတို့အခက်အခဲ၊ သူတို့ဆန္ဒကို ပြောပြချင်တာရှိပါတယ်၊ ဒါပေမယ့် လက်တွေ့ဖော်ဆောင်နေသူ(လူကြီး)နဲ့ တွေ့ဖို့ခက်တယ်၊ လက်တွေ့လုပ်ဆောင်နေရသူဘက်မှာ အချိန်ဆင်းရဲတာမျိုးလည်းရှိတယ်၊ ပြည်သူလူထုနဲ့ တွေ့ချင်ပေမယ့် လူတိုင်းနဲ့တွေ့ဖို့အတွက် အချိန်လိုအပ်တယ်၊ မန္တလေးမြို့တော်ဝန် ဖေ့စ်ဘွတ်ခ်အသုံးပြုသလို ဖေ့စ်ဘွတ်ခ်ကို ကြားခံတစ်ခုလို အသုံးပြုတဲ့အခါ အကြံကောင်း ဉာဏ်ကောင်းတွေလည်း ပြည်သူလူထုထံကရ၊ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်နိုင်လို့ ကျေနပ်ကြတာ တွေ့ရပါတယ်”

အမှိုက်ပစ်တာ ပိုက်ဆံပေးရတဲ့အကြောင်းဆီ ပြန်သွားကြပါဦးစို့။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနက ကော်မတီဝင်နဲ့ တာဝန်ရှိဝန်ထမ်းတွေရယ်၊ သတင်းပေးပို့တဲ့ ချမ်းမြသာစည်မြို့နယ်ကို တာဝန်ယူထားတဲ့ ကော်မတီဝင် ဦးဇော်မျိုးလွင်ရယ်က သတင်းပေးပို့တဲ့ ကန်ကောက်၊ ကံသာယာရပ်ကွက်ကို ချက်ချင်းသွားရောက်ပြီး လေ့လာစုံစမ်းပါတယ်။

အဖြေကတော့ ရပ်ကွက်က မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ လက်တွဲပြီး ကိုယ့်အားကိုယ်ကိုး စေတနာ့ဝန်ထမ်း ပရဟိတသန့်ရှင်းရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားပါတယ်။ ပရဟိတအဖွဲ့က ငွေစုပြီး သုံးဘီးအမှိုက်သိမ်းကားလေး ဝယ်ထားတယ်။ မြို့တော်စည်ပင်သာယာရေးကော်မတီအမှိုက်ကားကြီးမဝင်နိုင်တဲ့ လမ်းသွယ်လမ်းကြိုလမ်းကြားကို သုံးဘီးအမှိုက်ကားလေးနဲ့ဝင်ပြီး အမှိုက်တွေစုယူတယ်။ ပြီးမှ မြို့တော် စည်ပင်သာယာရေးကော်မတီက စီစဉ်တဲ့ အမှိုက်ကန်၊ အမှိုက်သိမ်းကားကို လွှဲပြောင်းပို့ပေးတာဖြစ်ပါတယ်။ ပရဟိတအဖွဲ့က သုံးဘီးအမှိုက်သိမ်းယာဉ်အတွက် ဆီဖိုးအတွက် ရပ်ကွက်ထဲက အလှူခံယူတာ ဖြစ်တယ်။ ရပ်ကွက်သူရပ်ကွက်သားက ဘုမသိဘမသိ ပိုက်ဆံပေးနေရတာမျိုးမဖြစ်စေဖို့အတွက် ရပ်ကွက်က အလှူခံခြင်းမပြုတော့ဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ယာဉ်ကော်မတီဥက္ကဋ္ဌတို့နဲ့ မြို့တော်စည်ပင် တာဝန်ရှိသူတွေက တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းပေးပါတယ်။

Jennifer Duck က ကျွန်မ comment ကြောင့် ပြည်သူ့အတွက်တကယ်အလုပ် လုပ်ပေးနေတဲ့သူတွေ အစစ်ဆေးခံရလို့ တကယ်တောင်းပန်ပါတယ်ရှင်။ ကျွန်မ comment မှာလည်း ဘာလို့လဲမသိဘူးလို့ ရေးထားပါတယ်။ ရေရေရာရာ မသိဘဲရေးလို့ အစ်ကိုတို့ စိတ်အနှောင့်အယှက်ဖြစ်ရတဲ့အတွက် အနူးအညွတ်တောင်းပန်ပါတယ်လို့ ပြန်ရေးပါတယ်။ Tun Koko အမည်နဲ့ Account ပိုင်ရှင်က ဟုတ်ကဲ့ ပြောရမယ်ဆိုရင် မြို့တော်စည်ပင်က ကန်သာယာ ၂၅ ရပ်ကွက်အတွက် ကားသုံးစီးပေးထားပါတယ်။ ၂၅ ရပ်ကွက် ကားသုံးစီးက တကယ်တမ်း မလုံလောက်ပါဘူး။ အမှိုက်စွန့်ပစ်ဖို့ အဆင်ပြေအောင် ကန်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက တစ်စီးဝယ်ယူပြီး သန့်ရှင်းရေးမှာ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အမှိုက်ကားတိုင်းက ပိုက်ဆံတောင်းတာမရှိပါဘူး။ သို့သော် ကျွန်တော်တို့ ကန်သာယာပိုင်ကားမှ တစ်နေ့တာ ဆီဖိုးအတွက်သာ စေတနာကြေးတောင်းတာပါ။ မပေးမနေရလည်း မဟုတ်ပါဘူး။ မိမိစေတနာအလျောက်ပါ။ ဒါကလည်း ၂၅ ရပ်ကွက်လုံး ပေးရတာ မဟုတ်ပါဘူး။ ကန်သာယာပိုင်ကား ရောက်တဲ့အရပ်မှ ပေးရတာပါ။ ကျွန်တော်လည်း ပြည်သူထဲက ပြည်သူတစ်ယောက်ပါ။ အုပ်ချုပ်သူလူကြီးမင်းများရဲ့ စေတနာကို တန်ဖိုးထားသောအားဖြင့် ကျွန်တော်သိသလောက်တင်ပြခြင်း ဖြစ်ပါတယ်ဆိုပြီး ရေးထားပါတယ်။

ဖေ့စ်ဘွတ်ခ်ကို အကျိုးဖြစ်အောင် အသုံးပြုတဲ့အခါ လုပ်ငန်းတွေပိုမိုမြန်ဆန်ပြီး စီမံဆောင်ရွက်သူတွေနဲ့ ပြည်သူလူထု တစ်သားတည်း ဖြစ်စေတာ တွေ့ရပါတယ်။ မန္တလေးမြို့တော်ဝန်ရဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာမှာ မြို့တော်အတွက် အကျိုးများရာများကြောင်း အကြံကောင်းတွေပေးတာ တွေ့ရပါတယ်။ ။

## ကျေးရွာများသို့ နည်းပညာနှင့် သတင်းအချက်အလက်များ မျှဝေခြင်း ပြခန်းဖွင့်လှစ်

**ထန်းတပင် ဇန်နဝါရီ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်) စက်ဝန်းကျေးရွာများသို့ နည်းပညာနှင့် သတင်းအချက်အလက်မျှဝေခြင်းပြခန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၀ ရက် နံနက် ၇ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရေကျော်ကုန်းကျေးရွာရှိ အမက စာသင်ကျောင်း၌ အဆိုပါပြခန်းကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြခန်းတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် မှတ်တမ်းဓာတ်ပုံများ၊ ကျေးရွာလူထုမှ ပါဝင်ရေးသားထားသော အောင်မြင်မှုဇာတ်လမ်းတိုများနှင့် ကဗျာများကိုပြသခဲ့ပြီး ပြခန်းသို့ လာရောက်လေ့လာကြည့်ရှုကြသော ကျေးရွာသူ ကျေးရွာသားများကို လူထုစည်းရုံးရေးမှူးများက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သောမေးခွန်းများ မေးမြန်းခြင်းနှင့် လာရောက်ဖြေဆိုသူများကိုလည်း အမှတ်တရ လက်ဆောင်များအဖြစ် အင်္ကျီများ၊ ဦးထုပ်များ၊ သော့ချိတ်များ၊ ဖုန်းဘေများ ဖြည့်ပေးခြင်းနှင့် စီမံကိန်းလုပ်ငန်းလက်ကမ်းစာစောင်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကျေးရွာများသို့ လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာနှင့်သတင်းအချက်အလက်များ မျှဝေခြင်းပြခန်းများကို ဖွင့်လှစ်ဆောင်ရွက်ခြင်းကြောင့် စီမံကိန်းလုပ်ငန်းအကြောင်းအရာများကို ကျေးရွာလူထုများမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်နိုင်စေပြီး ရပ်ရွာစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများမှ တိုင်းရင်းသားများ၏ကဏ္ဍ

## ထူးထူး(ဝေဘာဂီ)

မြန်မာနိုင်ငံသည် မတူကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် အတူတကွ စုစည်းနေထိုင်လျက်ရှိသော နိုင်ငံတစ်ခုဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးများသည် တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားရန် လိုအပ်သည်နှင့်အညီ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်တွင်"တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေ"ကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

အစိုးရသစ် စတင်တာဝန်ယူချိန်တွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအရေအတွက်ကို လျှော့ချ၍ ကျစ်လျစ်စွာ ဖွဲ့စည်းလိုက်သော်လည်း တိုင်းရင်းသားပေါင်းစုံစုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားအရေးကိစ္စရပ်များကို သီးခြားဆောင်ရွက်နိုင်စေရန် "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေ" အရ "တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန" ကို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအသစ်တစ်ရပ်အဖြစ် ဖော်ဆောင်ပေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားရေးရာ ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းများကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားသည်ကို သိမြင်နိုင်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးစားပွဲပေါ်တွင် အဖြေရှာနေချိန်တွင် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ဗဟိုပြုဆောင်ရွက်မည့်၊ အကာအကွယ်ပေးမည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအသစ်တစ်ခု ပေါ်ပေါက်လာခြင်းသည် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အနေဖြင့် တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများရရှိစေရန်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊ တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်တို့ကို ရည်မှန်း၍ ဆောင်ရွက်သွားမည်ဟု သိရပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများဖြင့် ဖွဲ့စည်းထားပြီး ပညာရေး နောက်ခံအမျိုးမျိုး၊ အတွေ့အကြုံဗဟုသုတ အမျိုးမျိုးတို့ဖြင့် မတူညီသော ပတ်ဝန်းကျင်တို့မှ တိုင်းရင်းသားပေါင်းစုံပါဝင်ကာ တိုင်းရင်းသားအရေးကိစ္စများကို စိတ်အားထက်သန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရောက်ရှိလာကြသူများဖြစ်သည်ကို တွေ့ရှိရပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားပြီး ဦးစီးဌာနများ၏ အမည်များကို ကြည့်ခြင်းဖြင့်ပင် တိုင်းရင်းသားလူမျိုးများ၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရန် ရည်ရွယ်ဖွဲ့စည်းထားကြောင်း သိသာထင်ရှားပါသည်။

ပြည်ထောင်စုဝန်ကြီးရုံးအနေဖြင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အခြားအစိုးရ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဦးစီးဌာနရုံးခွဲများ ဖွင့်လှစ်နိုင်ရေးညှိနှိုင်းခြင်း၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် လူမှုရေးပေါင်းစည်းမှုဆိုင်ရာ အရည်အသွေးမြင့်တင်ရေး အစီအစဉ် သင်တန်းပေးခြင်း၊ တိုင်းရင်းသားစာပေ ထိန်းသိမ်းမြှင့်တင်ရေးနှင့် သက်ဆိုင်သည့် မူဝါဒဆိုင်ရာဆွေးနွေးပွဲ၊ ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အထောက်အပံ့များဖြင့် ကျင်းပ၍ အကြံဉာဏ်များ ရယူခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနီဆက်၏ အကူအညီပေးမှုဖြင့် အမျိုးသားအဆင့် ဘာသာစကား မူဝါဒထွက်ပေါ်နိုင်ရေး လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပြီး ယူနီဆက်၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တက္ကသိုလ်များက ပါဝင်ဆောင်ရွက်ပေးသဖြင့် မကြာမီကာလတွင် ဒေသခံတိုင်းရင်းသား ဘာသာစကားများ၊ စာပေများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံတိုင်းရင်းသားလူငယ်များ ပညာရေးအတွက်များစွာ အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရာ၌ အခြားအခြားသော ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများ၊ ကုလသမဂ္ဂအောက်ရှိ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ဒေသ ဖွံ့ဖြိုးရေးများကို ဆောင်ရွက်လျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသည် ဌာနခွဲအလိုက် တိုင်းရင်းသားစာပေနှင့် ဘာသာစကား ထွန်းကားပြန့်ပွားရေး၊ ဒေသခံတိုင်းရင်းသား ဘာသာစကားကို လွတ်လပ်စွာသင်ကြားခွင့်ရရှိရေး၊ တိုင်းရင်းသားဘာသာစကားများဖြင့် စာနယ်ဇင်းများ ပုံနှိပ်ထုတ်ဝေနိုင်ရေး၊ ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၊ ဘာသာစကားများကို ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားလူမှုဘဝ မြှင့်တင်ရေးအတွက် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွား စသည့် ကဏ္ဍအသီးသီး၌ ဘက်စုံမြင့်မားတိုးတက်လာစေရန် တိုင်းရင်းသားများ အခြေချနေထိုင်ရာ ဒေသများ၌ လမ်းတံတား၊ လျှပ်စစ်မီး၊ သောက်သုံးရေပါမကျန် အဆင်ပြေစေရန်အတွက် အခြားအစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ အထောက်အပံ့ အကူအညီများရယူကာ ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနအောက်ရှိဌာနခွဲများမှ ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှုများဖြေရှင်းရေး အထောက်အကူပြုဌာနခွဲသည် ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့်၊ အောက်ခြေ အဆင့်ဆင့်တို့၌ ထောက်ပံ့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းရင်းသားများ၏ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေး၊ တွေ့ကြုံရင်ဆိုင်နေရသော လူမှုစီးပွားရေး၊ စာပေ၊ ယဉ်ကျေးမှု အခက်အခဲများကို ပြေလည်စေရန် သုတေသနပြုနည်းလမ်းရှာကာ အခြားအစိုးရ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ အထောက်အပံ့ အကူအညီများရယူကာ ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**“ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးစားပွဲပေါ်တွင် အဖြေရှာနေချိန်တွင် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ဗဟိုပြုဆောင်ရွက်မည့်၊ အကာအကွယ်ပေးမည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအသစ်တစ်ခု ပေါ်ပေါက်လာခြင်းသည် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်”**

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါအတိုင်း တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ အပြည့်အဝရရှိနိုင်ရန်နှင့် တိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ရပိုင်ခွင့်၊ အခွင့်အရေးများကို စနစ်တကျ တင်ပြဆောင်ရွက်နိုင်ရန် နည်းဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် နည်းဥပဒေရေးဆွဲလျက်ရှိရာ ကနဦးမူကြမ်းကို ၃၁-၁-၂၀၁၇ မှ ၁-၂-၂၀၁၇ အထိ Royal President Hotel ၌လည်းကောင်း၊ ဒုတိယမူကြမ်းကို ၂၂-၆-၂၀၁၇ မှ ၂၃-၆-၂၀၁၇ အထိ မင်္ဂလာသီရိဟိုတယ်၌လည်းကောင်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပ၍ ရေးဆွဲပြီး ဖြစ်ပါသည်။

နည်းဥပဒေရေးဆွဲရာတွင် ပြည်နယ်၊ တိုင်းဒေသကြီးများမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ အပါအဝင် သက်ဆိုင်သူများဖြင့် နေပြည်တော်၌ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ ပြည်နယ်၊တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဦးစီးအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ရှိ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအားလုံး ပွင့်လင်းမြင်သာစွာ လွတ်လပ်စွာ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

နည်းဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ခုံသမာဓိအဖွဲ့၊ ပြည်ထောင်စုအဆင့် ခုံသမာဓိကောင်စီအဖွဲ့များဖွဲ့စည်းပြီး တိုင်းရင်းသားအခွင့်အရေး ဖောက်ဖျက်ခံရမှုများကို ကြားနာ စစ်ဆေးညှိနှိုင်းဖြေရှင်းပေးနိုင်ရန် ထည့်သွင်းရေးဆွဲထားသဖြင့် နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပါက တိုင်းရင်းသားလူမျိုးများအနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ၎င်းတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိခြင်း၊ ၎င်းတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ပညာရေးမူဝါဒကို ထိခိုက်မှုမရှိဘဲ သင်ကြားခွင့်၊ သင်ယူခွင့်ရှိခြင်း၊ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိခြင်း၊ ၎င်းတို့၏ စာပေနှင့် အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ခွင့်ရှိခြင်း၊ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများရပိုင်ခွင့်ရှိခြင်း၊ ရိုးရာ တိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိခြင်း၊ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိခြင်း စသည့် တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အပြည့်အဝရရှိလာနိုင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနရုံးများကို ဖွင့်လှစ်လျက်ရှိရာ ကနဦးအနေဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် သက်ဆိုင်ရာအစိုးရရုံးစိုက်သည့်မြို့များတွင် ဖွင့်လှစ်၍ တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စများ ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဦးစီးဌာနရုံးများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ထမ်းများခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ပူးပေါင်း၍ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဒေသခံဘာသာစကား၊ စာပေတတ်ကျွမ်းသူ၊ ခေတ်ပညာတတ် ဒေသခံတိုင်းရင်းသားများအား ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

“တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်” ဟူသည့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်ကို အင်တိုက်အားတိုက် ဖော်ဆောင်နိုင်ရန်အတွက် အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအသီးသီးတို့၏ ပူးပေါင်းကူညီပံ့ပိုးမှု၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၊ ဒေသခံတိုင်းရင်းသားများ၏ အကြံဉာဏ်ကောင်းများနှင့် ပူးပေါင်းပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သို့မှသာ တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ ပေါ်ပေါက်လာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

## လူစုလူဝေးစနစ်တကျ စီမံခန့်ခွဲခြင်း(ဆင့်ပွား) သင်တန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၂၅။** ။ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပသော လူစုလူဝေး စနစ်တကျစီမံခန့်ခွဲခြင်း(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမည ဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ ဦးစီး(ပထမ)တန်း ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ်ရဲအကူ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြင့်ဝင်း(ရဲမှူး -ဦးစီး)၊ ရဲမှူးစိုးလွင်(မှူခင်းမှတ်တမ်း)၊ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့နယ်ရှိ နယ်မြေရဲစခန်းမှူးများ၊ မိတ်ဖက်တပ်ဖွဲ့ဝင်များ၊ သတင်းမီဒီယာများ၊ နည်းပြဆရာများ၊ သင်တန်းအရာရှိများနှင့် အခြားအဆင့် စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တ လေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၃၀၇

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian SCHMIDT အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ ဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်အရေးကိစ္စများတွင် မှန်ကန်စွာ ပူးပေါင်းကူညီ ဆောင်ရွက်ပေးရေး၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးမြုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်



နိုင်ရေးနှင့် မြန်မာနိုင်ငံအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ နားလည်မှုရှိရှိဖြင့် မှန်ကန်စွာ

**သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များကို ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်(၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်)ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းမြေ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များသည် ၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)ထက်မစော ၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်) ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်ပါရန် ပင့်လျှောက်/ဖိတ်ကြားထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းမှာ အမျိုးသားခေါင်းဆောင်ကြီး၏ ဂုဏ်သိက္ခာ၊ နိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့် ထိုက်တန်စွာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မိမိတို့အားလုံး၏ ရည်မှန်းချက်ပန်းတိုင်မှာ မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်းကို အမျိုးသားခေါင်းဆောင်ကြီး၏ ဂုဏ်သိက္ခာနှင့်ထိုက်တန်စွာ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့် ထိုက်တန်စွာ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေး ဖြစ်ပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အတိုင်း အနုပညာသမားနှင့် နိုင်ငံ့ဝန်ထမ်း၊ အနုပညာဖန်တီးသူနှင့် အုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းသူများ၏ သဘောသဘာဝသည် တူမယောင်နှင့် ကွဲလွဲချက်များ၊ မညီမျှခြင်းများ များစွာရှိနိုင်ပါကြောင်း၊ ထိုသဘောသဘာဝများကို အပြန်အလှန် ကြိုတင်နားလည်ထားကြမည်ဆိုလျှင် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကြုံတွေ့ရင်ဆိုင်ရနိုင်ဖွယ်ရှိသည့် မညီမျှခြင်းများကို ကြိုတင်ညှိနှိုင်းတိုင်ပင်ပြီး ညီညွတ်မှုတစွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများအနေဖြင့် ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးရာတွင် လိုအပ်လာနိုင်သည့် ဝန်ကြီးဌာနများဘက်မှ ပံ့ပိုးကူညီရမည့် အပိုင်းများကို ကြိုတင်ပြင်ဆင်ချိန်ရရှိရန်၊ ကြိုတင်ပြင်ဆင်ထားနိုင်ရန် တတ်နိုင်သမျှ ရှင်းလင်းဆွေးနွေးပေးစေလိုပါကြောင်း၊ ဝန်ကြီးဌာနများဘက်ကလည်း ရုပ်ရှင်ပညာရှင်များ၏ လိုလားချက်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် မေတ္တာရပ်ခံလိုပါကြောင်း။

ယုံကြည်ချက်၊ ခံယူချက် တူညီစွာဖြင့် အပြန်အလှန်နားလည် ဖေးမကူညီသည့် မိသားစုစိတ်ဓာတ်မွေး၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီးကို သားစဉ်မြေးဆက် မှတ်ကျောက်အတင်ခံရသည့် တင့်တင့်တယ်တယ်ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ပေါ်ထွက်လာစေရန်အတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်း



ရေးမှူး(၂) ဦးလူမင်းက ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးက ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်အတွက် ဆောင်ရွက်နေမှုလုပ်ငန်းအဆင့်ဆင့်နှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဝန်ကြီးဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးစိန်သောင်းက ရုပ်ရှင်အစည်းအရုံးမှ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးဆပ်ကော်မတီများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယနေ့အစည်းအဝေးတွင် စေတနာမေတ္တာအပြည့်ဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်တက်ကြွကြွ အကြံပြုဆွေးနွေးကြသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

# (၁၉) ကြိမ်မြောက် အာဆီယံဂျာနယ်လစ်များအဖွဲ့ချုပ် အထွေထွေညီလာခံတက်ရောက်ရန် ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၅**

(၁၉)ကြိမ်မြောက် အာဆီယံဂျာနယ်လစ်များအဖွဲ့ချုပ်အထွေထွေညီလာခံ ( 19th General Assembly of the Confederation of ASEAN Journalists) သို့ တက်ရောက်ရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာမင်းနှင့် သတင်းမီဒီယာကောင်စီဝင် ဒေါက်တာဇော်သန်းတို့သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက အဲအေးရှလေကြောင်းဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

အဆိုပါညီလာခံတွင် အာဆီယံနိုင်ငံများရှိ ဂျာနယ်လစ်အဖွဲ့အစည်းများ တွေ့ဆုံကြမည်ဖြစ်ပြီး အာဆီယံဂျာနယ်လစ်အဖွဲ့ချုပ်တွင် မြန်မာနိုင်ငံ



မှ သတင်းမီဒီယာအဖွဲ့အစည်းများ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးကိုလည်း ဆွေးနွေးတင်ပြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငါးသိုင်းချောင်း-ဂွ လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း ဆောင်ရွက်မည့်အစီအစဉ်အား ပြည်သူသို့ ရှင်းလင်းတင်ပြ

**ရေကြည် ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်မည့် ငါးသိုင်းချောင်း-ဂွ လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း ဆောင်ရွက်မည့် အစီအစဉ်အား ပြည်သူလူထုသို့ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့-၂၀ (ရေကြည်) အစည်းအဝေးခန်းမဆောင်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး JICA ကျွမ်းကျင်ပညာရှင်များအဖွဲ့ လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေးကျွမ်းကျင်ပညာရှင် Mr. Kenji YOSHIDA က စီမံကိန်းနှင့် သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် လမ်းအထူးအဖွဲ့-၂၀ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းကျော်အောင်က ငါးသိုင်းချောင်း-ဂွ လမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်သက်ဆိုင်သည်များကို ရှင်းလင်းတင်ပြပြီး JICAMAY-P17 စီမံကိန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်ဂျင်နီယာ ဦးဘိုဘိုဟန်က ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ပတ်သက်သည့်ကိစ္စရပ်များ ရှင်းလင်းတင်ပြသည်။ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**



❂ ကျောဖုံးမှ

ပင်လယ်ရေမှော်များ မွေးမြူထားရှိမှု၊ မြိတ်ခေတ်မီငါးလေလံဈေး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ မြိတ်အများပိုင်ကော်ပိုရေးရှင်း လီမိတက်က တနင်္သာရီမြို့နယ်အတွင်း ဆောင်ရွက်နေသည့် ထုံခါ-သဲဖြူ-မောတောင်လမ်း ဆောင်ရွက်နေမှုအခြေအနေများနှင့် မြိတ်မြို့ အဝေးပြေးကားဂိတ် ဖွင့်လှစ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက စီမံကိန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဌာနများသို့ တင်ပြဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြိတ်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)၌ ဌာနဆိုင်ရာဝန်ထမ်းများက ဒေသခံပြည်သူများအား ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် အမြန်ရေယာဉ်ဖြင့် ကျွန်းစုမြို့နယ် ကတလူကျေးရွာ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ခေတ်မီရေငန်ပုစွန်မွေးမြူရေးစီမံကိန်းသို့ ရောက်ရှိပြီး ပုစွန်သားပေါက်များ မွေးမြူထားရှိမှုနှင့် ရေငန်ပုစွန်များ မွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ကုမ္ပဏီဥက္ကဋ္ဌက ပုစွန်များ မွေးမြူထားရှိမှုနှင့် ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာတွင် အကျယ်အဝန်း နှစ်ဧကနှင့် ရေအနက် ၁၀ ပေခန့်ရှိ ပုစွန်ကန်များတူးဖော်ပြီး ရေငန်များ ထည့်သွင်း၍ ပုစွန်သားပေါက်များ မွေးမြူဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၄၁၅ ဧက မွေးမြူထားကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ငါးတင်/ချဆိပ်ကမ်းသို့ ရောက်ရှိရာ ဥက္ကဋ္ဌ ဒေါက်တာအောင်လွင်က ရေလုံ၊ ရေပေါ်သင်္ဘောကျင်းလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်း၊ ပုစွန်နှင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်း၊ ငါးစာမုန့်လုပ်ငန်း၊ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ Sea View ကွန်ဒိုတည်ဆောက်မှုလုပ်ငန်း၊ ငါးလေလံရောင်းဝယ်ရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ အလုပ်ခန့်အပ်နိုင်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြိတ်မြို့ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)၌ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယသမ္မတသည် တန် ၁၀၀၀ အအေးခန်းစက်ရုံအတွင်း ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများအား ပြည်ပသို့တင်ပို့ရန် လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ကဏန်းပျော့များ မွေးမြူထားရှိမှုကို လည်းကောင်း လိုက်လံကြည့်ရှုသည်။

ပထော်ပထက်ကျွန်းတွင် ကန်တစ်ကန်လျှင် ၂ ဒသမ ၂ ဧက အကျယ်အဝန်းနှင့် ရေအနက် လေးပေမှ ငါးပေခန့်ရှိ ကဏန်းကန် ၁၈ ကန်အား ဧရိယာအကျယ်အဝန်း ဧက ၈၀ တွင် မွေးမြူ၍ ကဏန်းပျော့များ ထုတ်လုပ်လျက်ရှိသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်ရှိ အဆောင်ကောင်းစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် ငါးမှုန့်၊ ငါးအသားလွှာနှင့် ကင်းမွန် ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်မှုဇုန်အတွင်း မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ထားဝယ်မြို့ရှိ ပြန်/ဆက်ရုံးများနှင့် လောင်းလုံးမြို့နယ်ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**ထားဝယ် ဇန်နဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ရုံးများနှင့် လောင်းလုံးမြို့နယ်ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာတို့နှင့်အတူ ထားဝယ်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလေးစာဖတ်ခန်းသို့ လာရောက်ကြသည့် မူလတန်းကျောင်း ကလေးငယ်များအား လက်ဆောင်အရုပ်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးနှင့် စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာန (Community Center)များအဖြစ် ပြုပြင်ပြောင်းလဲပြီး အများပြည်သူအတွက် အသုံးဝင်သည့်နေရာတစ်ခု ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် ဝန်ထမ်းများအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်မြို့ရှိ ရွှေဝယ်သီရိ ပညာ့ဗိမာန် စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် လောင်းလုံးမြို့နယ်ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

❖ **KBZ Bank မှ**

တက္ကသိုလ်အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ လေးပွဲဆက် ရှုံးပွဲကြုံတွေ့ထားသည့် နှစ်သင်းမှာ ပထမဆုံးနိုင်ပွဲအတွက် ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဂန္ဓမာအသင်းအတွက် ဂိုးများကို တင့်တင့်ထွန်းနှင့် နိုင်ဇန်နူတို့က သွင်းယူခဲ့ပြီး တက္ကသိုလ်အသင်းအတွက် ဂိုးများကို မီမီလင်းနှင့် အေးအေးသန့်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

(၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား ကျင်းပရေးကော်မတီ (နေပြည်တော်)က စီစဉ်၍ ဖေဖော်ဝါရီ ၁ ရက် (၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့)တွင် ကျရောက်မည့် (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ညစာစားပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ MICC-2 ၌ ယင်းနေ့ ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် မွန်တိုင်းရင်းသားများ၏ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်လိုသူများသည် နိုင်ထွန်းရှိန် ဖုန်း-၀၉-၈၃၀၂၁၁၈၊ နိုင်ဝင်းနိုင် ဖုန်း-၀၉-၅၆၀၀၂၈၆ တို့နှင့် ဆက်သွယ်၍ ဖိတ်ကြားစာများကို ထုတ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မအီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မအီစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများအား ဇန်နဝါရီ ၁၉ ရက်တွင် ပြီးစီးခဲ့ပြီး ၂၀ ရက်မှ စတင်၍ လွှင့်အား 50 W၊ လှိုင်းနှုန်းချန်နယ် (E-23)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မအီမြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် နီးစပ်ရာကျေးရွာများဖြစ်သည့် မြင်ဝန်း၊ ကင်းခြေ၊ ကျောက်ကြီးပေါက်၊ အောင်သပြေ၊ ဂျိဖြူတောင်ကျေးရွာများအထိ လည်းကောင်းကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-top Box၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြား ဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည် ဖြစ်သည်။ Digital ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာ တပ်ဆင်ရပါမည်။ ယင်းနောက် Set-top Box၊ DVB-T2 Digital TV တို့ရှိ Remote ပါ ခလုတ်များမှ Menu ကိုနှိပ်၍ Installation သို့သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်းရှိ အခမဲ့ ထုတ်လွှင့်သော DVB-T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိပါမည်။ ယင်းနောက် Exit ခလုတ်ကိုနှိပ်၍ မိမိနှစ်သက်ရာရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံး Community ခန်းမ၌ ကျင်းပစဉ်။** မြို့နယ် (ပြန်/ဆက်)

❖ **နိုင်ငံ့ဝန်ထမ်းမှ**
ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း တင်သွင်းသည့် **နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြား ပညာတော်သင် ခရီးစဉ်များနှင့် အခြားသော ဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ကျောက်ဆည် မဲဆန္ဒနယ်မှ ဒေါက်တာဦးတင်အောင်၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဝေါ မဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ဂွ မဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ဘီးလင်း မဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်သီဟနှင့် ဗိုလ်မှူးမင်းဇာနည်ထွေး၊ ဒဂုံ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ကော့မှူး မဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း၊ မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်းနှင့် ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်တို့က ထောက်ခံဆွေးနွေးကြသည်။

**အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို**က နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်များဖြစ်သည်သာမက ပြည်သူများပိုင်ဆိုင်သည့် အရင်းအမြစ်များအား အထိရောက်ဆုံးနှင့် ဘက်လိုက်မှုအကင်းဆုံး နည်းလမ်းဖြင့် အသုံးပြုရန် ယုံကြည်စွာအပ်နှံခြင်း ခံရသူများဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းအတွင်းမှ အသံများကိုလည်း နိုင်ငံတော်အစိုးရမှ အလေးပြု၍ အပြန်အလှန် ထိန်းညှိပေးသွားရန်လည်း လိုအပ်ပါကြောင်း၊ အလုပ်နှင့် ဝန်ထမ်းအင်အားမမျှဘဲ မနိုင်ဝန်ထမ်းနေရသည့် ဌာနများတွင်လည်း ဝန်ထမ်းအင်အား တိုးမြှင့်ပေးရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ အလုပ်ခွင်တွင် စိတ်ပါဝင်စား ပျော်ရွှင်စွာ အလုပ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း ထောက်ခံအကြံပြုဆွေးနွေးသည်။

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ**က ထူးချွန်ဝန်ထမ်းများအား ချီးမြှင့်ပေးသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများကိုလည်း ခေတ်ကာလနှင့်အညီ လစာစရိတ်တိုးမြှင့်ပေးနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း၊ အဆိုတွင်ပါရှိသည့် ထူးချွန်ဝန်ထမ်းများထဲမှ သင့်လျော်သော အရေအတွက်ဆိုသည့် စကားရပ်ကို ပြန်လည်သုံးသပ်ရန် လိုအပ်သည်ဟု ထင်မြင်မိပါကြောင်း၊ ဝန်ထမ်းအဖွဲ့အစည်းသည် ကျယ်ပြန့်ပြီး ဝန်ထမ်းဦးရေ ၉ သိန်း ကျော်ရှိ၍ ဝန်ဆောင်မှုကဏ္ဍများသည်လည်း အမျိုးအစားစုံလင်ပါကြောင်း၊ အရေအတွက်အားဖြင့် ကန့်သတ်မည်ဆိုပါက ဝန်ထမ်းအချင်းချင်း စိတ်ဝမ်းကွဲနိုင်သည့်အပြင် မလိုလားအပ်သော ဆောင်ရွက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ အရေအတွက်ကို ကန့်သတ်မည့်အစား ဝန်ကြီးဌာနအလိုက် သို့မဟုတ် ဝန်ဆောင်မှုကဏ္ဍအလိုက် တိကျသော မူဝါဒချမှတ်ပြီး ချီးမြှင့်မည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း ထောက်ခံအကြံပြု ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်းက နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၄၈ တွင် **"ဝန်ထမ်းတစ်ဦး၏ လုပ်ရည်ကိုင်ရည်၊ အရည်အသွေး၊ စွမ်းဆောင်ရည်များသည် လွန်စွာထူးခြား ပြောင်မြောက်သည့် အခြေအနေတွင်ရှိခြင်း၊ အခြားဝန်ထမ်းများထက် ထူးကဲသာလွန်ခြင်း၊ စိတ်ချယုံကြည်စွာ တာဝန်လွှဲအပ်ဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည့် ထူးခြားသော အခြေအနေများကြောင့် ချီးမြှင့်လိုပါက အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံတင်ပြမှုအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ သဘောတူညီချက်ဖြင့် ရာထူးတိုးမြှင့်ပေးနိုင်သည်။ သို့ရာတွင် ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့်သာ ခန့်ထားရမည်၊ ပြန်တမ်းဝင် အရာရှိအဆင့်ရာထူးဖြစ်ပါက ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ ဆောင်ရွက်ရမည်"**ဟု ပြဋ္ဌာန်းထားရာ တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အတူ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇ - ၂၀၂၀)တွင် နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှုပုံစံသစ်၊ အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့် စနစ်များ၊ ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများ ဖြစ်လာရန် ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု/တာဝန်ယူမှုဟူ၍ ဦးတည်ဆောင်ရွက်ရမည့် နယ်ပယ် ၄ ခု သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်အတွက် နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများကို ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ကြိုတင်နှစ်တိုးခံစားခွင့်ပြုခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊ ပြည်ပပညာတော်သင်စေလွှတ်ခြင်း၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊ အခြားနည်းဖြင့် ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘောဆန္ဒကိုရယူပြီး အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်**




■ **ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ**
ကော်မတီတွင်လည်း သက်ဆိုင်ရာ ကော်မတီဟု ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၉) ပုဒ်မ ၂၇ ပုဒ်မခွဲ (က) တွင် အစိုးရ သီးသန့်လျာထားသတ်မှတ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် ဟု အသစ်ဖြည့်စွက်လိုပါကြောင်း၊ ပုဒ်မ ၂၉-ကတွင် မည်သူမဆို ဤ ဥပဒေအရ မူလလုပ်ပိုင်ခွင့် ရရှိထားသူသည် သတ်မှတ်ထားသော ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်း၊ မြေပြန်လည်အပ်နှံစေခြင်းများကို လိုက်နာမှုမရှိလျှင် တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၃ နှစ်မှ အများဆုံး ၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ၁၅ သိန်းထက်မနည်းသော ငွေဒဏ်ကိုလည်း ချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်လိုပါကြောင်းနှင့် အသစ်ဖြည့်စွက်လိုသည့် အချက်တို့ကို ဆက်လက်ဆွေးနွေးသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာ အားကာမိုးက အခန်း(၁) ပုဒ်မ (၂) (ဃ)တွင် စီမံခန့်ခွဲရေးကော်မတီဆိုသည်မှာ ဤ ဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ဆိုသည် ဟူ၍ ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၁) ပုဒ်မ (၂) (စ)တွင် ဤဥပဒေအရ ဆောင်ရွက်ရန် အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိစိုက်ပျိုးလုပ်ကိုင် အသုံးပြုခြင်းမရှိသော ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည် ဟူ၍ ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၂) ပုဒ်မ (၃) (ဂ)တွင် ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပေးရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် သင့်လျော်သည့် ဒေသခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားအသင်းအဖွဲ့ကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ ဥပဒေပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်ဟူ၍ ပြင်ဆင်ဖြည့်စွက်လိုပါကြောင်းနှင့် ပုဒ်မခွဲအလိုက် ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များကို ဆွေးနွေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းစာကြည့်တိုက်အတွက် ဇန်နဝါရီ ၂၄ ရက်က မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ -တောင်တွင်းကြီး)က ကြေးမုံသတင်းစာဖိုး တစ်နှစ်စာ၊ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များနှင့် စာအုပ်ဗီရိုတစ်လုံးကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောစောနိုင်နှင့် ဆရာမများက လက်ခံရယူစဉ်။** ဉာဏ်ဟိန်း

## မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ စတင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Asian Tour ၊ Japan Golf Tour ၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ Leopalace 21 ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2018 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ ထိုင်းဂေါက်သီးရိုက်ကစားသမား ဝါနာဆရီချန်က ဦးဆောင်နေပြီး မြန်မာကစားသမားများအနက် နိုင်နိုင်လင်းက သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ ဒုတိယ နေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပထမနေ့အပြီးတွင် ထိုင်းဂေါက်သီးရိုက်ကစားသမား ဝါနာဆရီချန်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ ထိပ်ဆုံးမှ ဦးဆောင်နေပြီး မြန်မာကစားသမား နိုင်နိုင်လင်းအပါအဝင် ဟန်ဆောင်ဆူ (အမေရိကန်)၊ ကာဝါမူရာ (ဂျပန်)၊ ရှောင်နောရစ် (တောင်အာဖရိက)နှင့် ဒေးဗစ်အို( အမေရိကန်) တို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီ လျှော့ရိုက်ကာ နောက်မှလိုက်နေသည်။ ယင်းပြိုင်ပွဲကို အာရှနိုင်ငံများအပါအဝင် ဥရောပ၊ အာဖရိကနှင့် လက်တင်အမေရိကစသည့် နိုင်ငံပေါင်း ၂၀ မှ ကစားသမား ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဂေါက်သီးအားကစားဝါသနာရှင်များ အခမဲ့အားပေးနိုင်ကြောင်း သိရသည်။ ထို့ပြင် ရုပ်သံမှ တစ်ရက်လျှင် လေးနာရီနှုန်းဖြင့် နေ့စဉ်ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဒုတိယနေ့ကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းမှစ၍ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ရဲရင့်ရှိုင်း**

## ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများ လယ်ကြွက်များဖျက်ဆီး၍ တောင်သူများအခက်ကြုံ

**ကြို့ပင်ကောက် ဇန်နဝါရီ ၂၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ဆောင်းသီးနှံ မတ်ပဲစိုက်တောင်သူများ၏ စိုက်ခင်းများကို လယ်ကြွက်များ ဖျက်ဆီးနေသောကြောင့် စိုက်ခင်းများပျက်စီး၍ တောင်သူများအခက်ကြုံလျက်ရှိကြသည်။

အဆိုပါလယ်ကြွက်များသည် သီးခါစ ပဲသီးများကိုသာ ကိုက်ဖြတ်ကြခြင်းမဟုတ်ဘဲ အပင်များပါ ကိုက်ဖြတ်နေကြကြောင်း၊ တစ်ဘူးငွေကျပ် ၈၀၀၀ တန် ကြွက်သတ်ဆေးဖျန်းလျှင်လည်း မရကြောင်း၊ ဆေးကုမ္ပဏီများကပြောသော ပြောင်းဖူးကို လေးစိတ်ကွဲထောင်းပြီး ဘိလပ်မြေ အမှုန့်ဖြင့်နယ်၍ ကြွေးလျှင် တဖြည်းဖြည်း သေကုန်သည်ဆို၍ နောက်ဆုံးအဆင့် ပြုလုပ်ကြည့်ရန် စဉ်းစားထားကြောင်း ဆောင်းသီးနှံမတ်ပဲစိုက် တောင်သူတစ်ဦးက ပြောသည်။

မတ်ပဲစိုက်တောင်သူများအနေဖြင့် ဆောင်းသီးနှံမတ်ပဲပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်နေရသလို အထွက်နှုန်းကောင်းရန် မျှော်လင့်နေလျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား သီတဂူအာရှတော်ဝင်မျက်စိကုသရေးအဖွဲ့ အခမဲ့ကုသပေး

**မောင်တော ဇန်နဝါရီ ၂၅**

သီတဂူအာရှတော်ဝင်မျက်စိကုသရေးအဖွဲ့သည် စက္ခုပါလအလင်း အလှူအဖြစ် ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအလင်းရစေရန်အတွက် မောင်တောမြို့ ပြည်သူ့ဆေးရုံတွင် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အခမဲ့ကုသပေးခဲ့ရာ မျက်စိဝေဒနာရှင် ၁၀၉ ဦး မျက်စိအလင်းရခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်စိကုသရေးအဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့မှ လာရောက်ကုသသည့် မျက်စိဝေဒနာရှင်များအား စက်ကိရိယာများဖြင့် မျက်စိစမ်းသပ်ခြင်း၊ မျက်မှန်တပ်ဆင်ခြင်း၊ ခွဲစိတ်ခြင်းများ ပြုလုပ်ပေးခဲ့သည်။

"အများအားဖြင့် မျက်စိဝေဒနာရှင် ၁၁၀၀ ကျော်မှာ မျက်စိခွဲစိတ်ရမယ့် လူနာဟာ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ ပါနိုင်တယ်၊ မျက်စိခွဲစိတ် ဆရာဝန်ခြောက်ယောက်ပါပါတယ်၊ နှစ်ရက်အတွင်းမှာ မျက်စိဝေဒနာရှင် ၇၇၄ ဦး လာရောက်ပြသပြီး ၁၀၉ ဦး မျက်စိအလင်းရခဲ့ပါတယ်"ဟု အာရှတော်ဝင် အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမြတ်သူက ပြောသည်။

"လာရောက်ကုသတဲ့ မျက်စိဝေဒနာရှင်တွေကို ပြင်ပလူနာဌာနမှာ မှတ်ပုံတင်ခိုင်းတယ်၊ တချို့မျက်စိဝေဒနာရှင်တွေကို အနီးမှုန်၊ အဝေးမှုန်စမ်းသပ်တယ်၊ မျက်စိခွဲရမယ့် လူနာတွေကို သွေးစစ်တယ်၊ သွေးချိုရှိ မရှိ၊ သွေးဖိအား ကောင်း မကောင်း၊ ကူးစက်ရောဂါရှိ မရှိ စတာတွေကို မခွဲခင်မှာ သမားတော်ဆရာဝန်တွေက စမ်းသပ်ပြီး ခွဲစိတ်ကုသပေးပါတယ်"ဟု ၎င်းကပြောသည်။

သီတဂူအာရှတော်ဝင် စက္ခုပါလအလင်းအလှူအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ ၃၂ မြို့နယ်တွင် အခြေစိုက်လျက် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"သီတဂူဆရာတော်ကြီးက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇာတိဖြစ်တဲ့ နတ်မောက်နဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ခဲ့ဖူးတဲ့ ဦးသန့်ရဲ့ ဇာတိဖြစ်တဲ့ ပန်းတနော်မြို့တွေမှာ မျက်စိဆေးရုံကို အဲဒီမြို့နှစ်မြို့မှာ စပြီးတော့ လုပ်ချင်တယ်လို့ ပြောတယ်၊ အဲဒီမြို့ နှစ်မြို့စလိုက်တာ အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိ ၃၂ မြို့နယ်မှာ မျက်စိဆေးရုံတွေ ဖွင့်လှစ်ပြီးတော့ မျက်စိဝေဒနာရှင်တွေကို ကုသပေးလျက်ရှိနေပြီ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သီတဂူအာရှတော်ဝင် မျက်စိကုသရေးအဖွဲ့သည် မျက်စိအလင်းအလှူအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၃၂ မြို့နယ်တွင်ရှိသည့် မျက်စိဝေဒနာရှင်များအား နယ်လှည့်ကုသပေးခဲ့ပြီး ၁၀ နှစ်ဝန်းကျင်ခန့်တွင် မျက်စိအလင်းရသူ ပြင်ပမျက်စိဝေဒနာရှင်စုစုပေါင်း တစ်သိန်းကျော်ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ-အောင်မင်း**



# မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက် ဝသဲရပ်ရှိ အမက(မူလွန်)ကျောင်း၌ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသ



**မြောက်ဦး ဇန်နဝါရီ ၂၅**

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် နေအိမ်များတွင် မီးသုံးစွဲမှုများနှင့် လျှပ်စစ်မီးသွယ်တန်းထားရှိမှုများကို စနစ်တကျ စီမံဆောင်ရွက်ထားရှိနိုင်ရန်အတွက် မြောက်ဦးမြို့နယ်မီးသတ်ဦးစီးဌာန၊ အလယ်ဈေးရပ်ကွက် ဝသဲရပ်ရှိ အမက(မူလွန်)ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ပူးပေါင်းပြီး ယနေ့ ညနေ ၃ နာရီတွင် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြပြုလုပ်ကြသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစံထွန်း၊ ဝသဲရပ်ရှိ အမက(မူလွန်)ကျောင်းမှ ဆရာ ဆရာမများ ၊ အလယ်ဈေးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့ပြင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစံထွန်းက မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်သဲအိတ်များ၊ မီးသတ်ရေဘူးများ၊မီးသတ်ချိတ်နှင့် မီးသတ်လှေကားများထားရှိရေးတို့ကို မှာကြားကာ မီးသတိရှိစေရေးတို့အတွက် မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပြုလုပ်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရွက်ညိုတောင်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၉၉ ကောင်နှင့် ဆိတ် ၇၆၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ စိစစ်ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကိုစိစစ်ခဲ့ရာ အောက်ဖော်ပြပါဆေးဝါး(၁၀)မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | ဆေးအမည် | ဆေးဘူး/ဆေးကတ်တွင် ဖော်ပြချက် |
|---|---|---|
| ၁။ | Dano-TT Injection (Tetanus Vaccine (Adsorbed) IP) | Dano Vaccines & Biologicals Pvt.Ltd, India |
| ၂။ | Diclo M Tablets (Diclofenac Sodium IP 50mg, Paracetamol IP 300mg, Magnesium Trisilicate IP 100mg) | VIP Pharmaceuticals Pvt. Ltd, India |
| ၃။ | Oxypat Tablets (Diclofenac Sodium IP 50mg, Paracetamol IP 325mg) | Suprex Laboratories, India |
| ၄။ | Chloramphenicol Palmitate Oral Suspension IP [Chloramphenicol 125mg (as Chloramphenicol Palmitate IP)]/5ml | Cotec Healthcare (P) Ltd, India |
| ၅။ | Anequin Tablet (Diclofenac Sodium IP 50mg) | Alco Formulation (India), India |
| ၆။ | Stigmerase Injection (Neostigmine Methylsulphate IP 0.5mg)/ml | Miracalus Pharma Pvt. Ltd, India |
| ၇။ | Easycainne Jelly (Lignocaine Hydrochloride IP eq. to Lignocaine HCl Anhydrous 2%w/v) | Selvok Pharmaceutical Co., Gujarat |
| ၈။ | Dr-X 100 Tablet (Sildenafil Citrate IP eq. to Sildenafil 100mg) | Syncom Healthcare Ltd, India |
| ၉။ | Mastigra 100 Tablet (Sildenafil Citrate IP eq. to Sildenafil 100mg) | Ridley Lifescience Pvt. Ltd, India |
| ၁၀။ | AARDEX Injection (Dexamethasone Sodium Phosphate IP eq. to Dexamethasone Phosphate 4mg)/ml | Regain Laboratories |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသောဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း(လက်လီ/လက်ကား)လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# တရားမဝင် ကန့်သတ်ကုန်ပစ္စည်း ပြောက်အိုးနှင့် မီးရှူးမီးပန်းများအား သိမ်းဆည်းရမိ





**နေပြည်တော် ဇန်နဝါရီ ၂၅**

တရားမဝင် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား တားဆီးစစ်ဆေးလျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ပြောက်အိုးနှင့် မီးရှူးမီးပန်းများ သယ်ဆောင်လာမှုအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇန်နဝါရီ ၂၄ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော ရွှေဖြူရော်ဘာခြံလမ်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ကယ်ရီများဖြင့် သယ်ဆောင်လာသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ပြောက်အိုးနှင့် မီးရှူးမီးပန်းများ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၅၀ သန်းအား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့က ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ စတင်ဖွင့်လှစ် စစ်ဆေးခဲ့သည်။ ဇန်နဝါရီ ၂၄ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည် တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၀၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၄၅၄ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၅၉ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၂၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၆ စီး၊ သွင်းကုန် ၁၀၁၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **ဝဝ၁**

# မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၂၁)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ၌ ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်ငါးခု ရွေးချယ်မည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

(၁) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(၂) ဆောင်ပုဒ် တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(၃) မြန်မာဘာသာအတွက် Font size- 13, Myanmar-3 ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size -12 , Myanmar -3 ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။
(၄) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၃၀-၂-၂၀၁၈ ရက်နေ့အရောက် ပေးပို့ ယှဉ်ပြိုင်ရမည်။
(၅) ဆောင်ပုဒ်ယှဉ်ပြိုင်သူများသည် Fax ၀၆၇၃ - ၄၁၂၅၄၄ နှင့် Email ccdacpm@gmail.com သို့ ပေးပို့ရမည်။
(၆) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။** ***မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန် အဖြစ်ခံယူပြီး ပြည်သူအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။***

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား



**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၇)ရပ်ကွက် ရတနာအိမ်ရာ (B)ရှိ အိမ်အမှတ်(၈၇)၌ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါနေအိမ်မှာ RC သုံးထပ်အဆောက်အအုံဖြစ်ပြီး မီးလောင်ကျွမ်းချိန်တွင် အစောင့်တစ်ဦးသာရှိနေကာ ပိုင်ရှင်မှာ ဦးဝင်းမောင်ဖြစ်ပြီး မီးတိပ်ခွေ အမျိုးမျိုးနှင့် အခြားပစ္စည်းများ သိုလှောင်သည့် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်ခရိုင်နှင့်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် ကိုရန်ပိုင်ထွန်းမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ် ခရိုင်/တိုင်းဒေသကြီးမှ မီးငြိမ်းသတ်ယာဉ် အစီး ၃၀၊ အထောက်အကူပြု ရေသယ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုဖြစ်စဉ်မှာ Lavel (2)ဖြစ်ကြောင်း သိရှိရသည်။

မီးလောင်ကျွမ်းမှုမှာ လျှပ်စစ်ဝါယာ အပူလွန်ရှော့ဖြစ်ကာ လောင်ကျွမ်းခြင်းဖြစ်ကြောင်း ကနဦးသတင်းရရှိပြီး ဆုံးရှုံးမှုတန်ဖိုးမှာ သိုလှောင်ပစ္စည်းနှင့် အဆောက်အအုံနှစ်ရပ်ပေါင်းငွေကျပ်သိန်း ၂၆၀ ခန့် ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကြီးစိုး(ဆိပ်ကမ်း)၊ ဓာတ်ပုံ-အောင်လွင်**

# မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးတို့ စီစဉ်ကြီးကြပ်ပြီး မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ပထမပတ်မှ တတိယပတ်အထိ သံဖြူဇရပ်မြို့နယ် ဖောင်စိန်ရပ်ကွက်နှင့် ပတ်ဝန်းကျင် ရပ်ကွက်/ကျေးရွာများတွင် အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး လှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ သံဖြူဇရပ်မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး အေးမင်းက မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းမှု၊ အမှုကြီးများ မဖြစ်ပွားစေရေးနှင့်ပတ်သက်၍ လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၈) မော်လမြိုင် ရဲတပ်ကြပ်ကြီး သောင်းအေးက မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ဆေးဝါးဥပဒေများကိုလည်းကောင်း၊ အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(မုဒုံ) ရဲတပ်ကြပ်ကြီး အောင်စည်သူထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ လိုက်နာရမည့် သက်ဆိုင်သည့် ဥပဒေများကိုလည်းကောင်း အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ရဲတပ်ဖွဲ့**

# ရွှေကျင်မြို့၌ မီးပလပ်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ရွှေကျင် ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ရှမ်းကြေးရပ်ကွက် ဘောလုံးကွင်းအနီး ဂစ်တာစားသောက်ဆိုင်၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၃ နာရီခွဲခန့်က ပလပ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရှမ်းကြေးရပ်ကွက် ဘောလုံးကွင်း အနီး ဖွင့်လှစ်ထားသော ဂစ်တာ စားသောက်ဆိုင် အောက်ထပ်၌ ထားရှိသည့် ကြားခံလျှပ်စစ်ဖြတ်စက် (SafeGuard)မပါ ရေခဲသေတ္တာမှ ရေခဲခန်းအေးခဲရန်တပ်ဆင်ထားသော မီးပလပ်မှအပူလွန်ကဲ၍ နေအိမ်တွင်း ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းကာ စားသောက်ဆိုင် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ညောင်လေးပင်နှင့် မဒေါက်မြို့တို့မှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၄၅ မိနစ်တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် (၃၅ ပေ× ပေ ၆၀) ခန့်ရှိ အုတ်ကာ၊ သွပ်မိုး၊ ပျဉ်ခင်းနှစ်ထပ်နေအိမ် မီးလောင် ပျက်စီးသွားခဲ့ပြီး စားသောက်ဆိုင်ပိုင်ရှင်၏သမီး ဖြစ်သူ မခက်ဝေဝေဖူး (၂၆)နှစ်မှာ မီးလောင်ဒဏ်ရာများဖြင့် နေအိမ်အတွင်း သေဆုံးသွားခဲ့သဖြင့် ရွှေကျင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဘိန်းဖြူ၊ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဖောင်းပြင် ဇန်နဝါရီ ၂၅**

ဖောင်းပြင်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ဖောင်းပြင်မြို့နယ် မန်သဲအုပ်စု အင်းဝိုင်းရွာနေ ညီမင်းအောင်၏ နေအိမ်အား မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ်ဧည့်ခန်းတွင် ညီမင်းအောင် (၄၀)နှစ်၊ ဒေါ်မိဆန်း(ခ) ဒေါ်မိုးဆန်း (၄၅)နှစ်၊ တစ်ရွာတည်းနေ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ မျိုးမြင့်(၃၆)နှစ်တို့ကို တွေ့ရှိရပြီး ဒေါ်မိဆန်း(ခ)ဒေါ်မိုးဆန်း ကိုင်ဆောင်ထားသော အဝါရောင်ပီနံအိတ်အတွင်းမှ Love is flower စာတန်းပါ ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူ ၁၀ ဂရမ်ခန့်ပါ ဆပ်ပြာခွက် သုံးခွက်၊ ရှစ်ဂရမ်ခန့်ပါ ဆပ်ပြာခွက် နှစ်ခွက် (စုစုပေါင်းအလေးချိန် ၄၆ ဂရမ်)ကိုလည်းကောင်း၊ ကမ္ဘာလုံးတံဆိပ်ပါ ပလတ်စတစ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ (စုစုပေါင်းအလေးချိန် ၃၉၀ ဂရမ်ခန့်) ကိုလည်းကောင်း၊ ပလတ်စတစ်အကြည်ဖြင့်ထည့်လျက် ဘိန်းမည်း အမည်းရောင်အစေးထုပ်ပိုးခွံပါ အလေးချိန် ၇၀၀ ဂရမ်ခန့် စုစုပေါင်း ဘိန်းဖြူ ဘိန်းမည်း၊ ဆေးပြားတန်ဖိုးငွေကျပ် ၂၅၃၈၅၉၀၀ တို့အား ရှာဖွေတွေ့ရှိခဲ့သည်။ ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိသံသေတ္တာအတွင်းမှ မူးယစ်ဆေးဝါးရောင်းချရငွေကျပ် ၁၀၀၀၀၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နမ့်ဆန်တွင် မီးလောင်မှုဖြစ်ပွား

**သီပေါ ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ငွန်ဆိုင်းကျေးရွာအုပ်စု ရွာလယ်လမ်းနေ ဦးကျော်သိန်း(ခ)ဦးအိုက်သိန်း၏နေအိမ် မီးဖိုချောင် ဟင်းအိုးတည်ရာမှ မီးငြိမ်းသတ်ရန် မေ့လျော့ပြီး လက်ဖက်စိုက်ခင်းသို့ သွားရောက်နေသဖြင့် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက စတင်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနက အချိန်မီသွားရောက် မီးငြိမ်းသတ်ခဲ့သည်။ **(ယာပုံ)**



မီးလောင်ကျွမ်းမှုကြောင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်ခြောက်လုံး မီးလောင်ကျွမ်းခံရပြီး အိမ်ထောင်စု ခြောက်စုမှ မိသားစုဝင် ၃၃ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ အဆိုပါမီးဘေးသင့်ခံရသူများအား မြို့နယ်တာဝန်ရှိသူများနှင့် ဆွေမျိုးသားချင်းများက ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြစ်ကြီးနားမြို့ ကမ္ဘောဇဘဏ် အနုကြမ်းစီးခံရမှုအား အမှုမှန်ပေါ်ပေါက်ရေးစုံစမ်း

**မြစ်ကြီးနား ဇန်နဝါရီ ၂၅**

မြစ်ကြီးနားမြို့ စည်ပင်သာယာဈေးအပေါ်ထပ်ရှိ ကမ္ဘောဇမီနီဘဏ်ကို လူငယ်လေးဦးက အနုကြမ်းစီးပြီး ငွေလုယူမှုအား အမှုမှန်ပေါ်ပေါက်စေရန် ရဲတပ်ဖွဲ့က စုံစမ်းဆောင်ရွက်နေကြောင်း သိရသည်။

ဇန်နဝါရီ ၂၃ ရက် ဘဏ်ပိတ်ချိန် ညနေ ၃ နာရီခန့်က အသက်(၂၀)ခန့် ဝန်းကျင်ရှိ လူငယ်လေးဦးက ကမ္ဘောဇမီနီဘဏ်အား အနုကြမ်းဝင်စီး၍ ဘဏ်အတွင်းမှ ငွေကျပ်သိန်း ၉၂၀ ကျော်ကို လုယူသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မြစ်ကြီးနားမြို့မရဲစခန်းတွင် လုယက်မှုနှင့်ပူးပေါင်းကြံစည်မှုဆိုင်ရာဥပဒေဖြင့် အမှုဖွင့်၍ အမှုမှန်ပေါ်ပေါက်နိုင်ရန် စုံစမ်းဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါဘဏ်ကို အသက်(၂၀)ကျော် လူငယ်လေးဦးက တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ပြီး ဘဏ်ဝန်ထမ်းများကို ခြိမ်းခြောက်ကာ ငွေများယူဆောင်သွားခဲ့၍ ဘဏ်ဝန်ထမ်းများက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားမှု မပြုနိုင်စေရန် ဘဏ်ဝန်ထမ်းများ၏ ဖုန်းများကို ရေစိမ်ထားခဲ့ကာ ဘဏ်အပြင်မှ သော့ခတ်ထားခဲ့ပြီး ဘဏ်အတွင်းရှိ စောင့်ကြည့်ကင်မရာ(CCTV)များကိုလည်း ဖျက်ဆီးသွားခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**မင်းမင်းဦး**

# ပီအက်စ်ဂျီနှင့် ချန်ပီယံလိဂ်ရလဒ်က သူ၏နည်းပြဘဝအတွက် အဆုံးအဖြတ်ဖြစ်လာမည်ဟု ဇီဒန်းဝန်ခံ



ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ပီအက်စ်ဂျီနှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်များမှာ သူ၏အနာဂတ်ကို ဆုံးဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း လီဂါနက်စ်အား အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ဝန်ခံမှုပြုလိုက်ပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် လီဂါနက်စ်ကို ပထမအကျော့အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အိမ်ကွင်းဘာနေဗျူးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့်အရေးနိမ့်ပြီးနောက် အဝေးဂိုးစည်းမျဉ်းအရ ကိုပါဒယ်ရေးဖလားကွာတားဖိုင်နယ်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဇီဒန်းကို သူ၏ နည်းပြဘဝက ကြိုးတန်းပေါ် ရပ်နေရသည့် အနေအထားရောက်နေပြီလားဟု မေးမြန်းခံရချိန်တွင် သူက“ ဟုတ်ပါတယ်၊ ဒါက ထင်ထင်ရှားရှားပါပဲ၊ ကျွန်တော့်အနေနဲ့ တာဝန်ယူရပါမယ်၊ ကျွန်တော်က နည်းပြပါ” ဟု တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဇီဒန်းက ရလဒ်တိုင်းအတွက် မိမိတွင်သာ အပြည့်အဝတာဝန်ရှိပြီး လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုခဲ့သော်လည်း သူ၏အနာဂတ်မှာ ပီအက်စ်ဂျီနှင့် ချန်ပီယံလိဂ်ဖလားရလဒ်ပေါ်တွင် မှီတည်နေသည်ကိုမူ ဝန်ခံခဲ့သည်။ ဇီဒန်းသည် အဆိုပါပွဲတွင် ရာမို့စ်နှင့် ဘင်ဇီမာတို့လို အဓိကကစားသမားများကို ထည့်သွင်းအသုံးပြုခဲ့သော်လည်း ဒီပို့တီဗိုနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီသွင်းယူခဲ့သည့် ဂါရတ်ဘေးလ်နှင့်စီရိုနယ်လ်ဒိုတို့နှစ်ဦးစလုံးကို အနားပေးခဲ့သည်။ တိုက်စစ်မှူး ဘင်ဇီမာက ရီးယဲလ်အတွက် ချေပဂိုးကို ဒုတိယပိုင်းအစတွင် သွင်းယူပေးခဲ့သော်လည်း အနိုင်ဂိုးကို ထောင့်ကန်ဘောမှတစ်ဆင့် ဂါဘရီယယ်က ခေါင်းတိုက်သွင်းယူသွားခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်သည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ခဲ့သည့် လာလီဂါပွဲစဉ်တွင် ဒီပို့တီဗို ကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ကိုပါဒယ်ရေးဖလားပွဲစဉ်တွင် လီဂါနက်စ်အသင်းကို အိမ်ကွင်းမှာပင် အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ပီအက်စ်ဂျီနှင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရှုံးထွက်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် မတ် ၇ ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**မေလှဲသင်း**

# လက်ရှိချန်ပီယံ ရော်ဂျာဖက်ဒရာ သြစတြေးလျအိုးပင်းဆီမီးဖိုင်နယ်တက်လှမ်း



သြစတြေးလျအိုးပင်း လက်ရှိချန်ပီယံ ရော်ဂျာဖက်ဒရာသည် သြစတြေးလျအိုးပင်း ကွာတားဖိုင်နယ်အဆင့်တွင် ချက်ချ်တင်းနစ်ကစားသမား သောမက်ဘာဒိုက်ချ်အား အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရာသည် သောမက်ဘာဒိုက်ချ်အား ၇-၆(၇-၁)၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရော်ဂျာဖက်ဒရာနှင့် သောမက်ဘာဒိုက်ချ်တို့၏ ယခုတွေ့ဆုံမှုသည် ဂရမ်းဆလမ်း ပြိုင်ပွဲများတွင် (၁၀)ကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ရော်ဂျာဖက်ဒရာက ရှစ်ကြိမ်အထိ အနိုင်ရရှိထားခဲ့သည်။

ရော်ဂျာဖက်ဒရာသည် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် တောင်ကိုရီးယားတင်းနစ်ကစားသမား ဟေအွန်ချောင်နှင့် ဇန်နဝါရီ ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယခုတစ်ကြိမ် ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့ခြင်းသည် ရော်ဂျာဖက်ဒရာအတွက် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ (၁၄)ကြိမ်မြောက် တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

**ငွေကြယ်**

# ကာရာဘာအိုဖလား ဖိုင်နယ်ပွဲစဉ်တွင် အာဆင်နယ်နှင့် မန်စီးတီး တွေ့မည်

ကာရာဘာအိုဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် နောက်ဆုံးဖိုင်နယ်ပွဲ၌ အာဆင်နယ်အသင်းနှင့်မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ဆီမီးဖိုင်နယ်တွင် ချယ်လ်ဆီးအသင်းနှင့် ကစားခဲ့ရပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်ဆုံးဖိုင်နယ်ပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းနှင့် ကစားရမည့် မန်စီးတီးအသင်းမှာ ဆီမီးဖိုင်နယ်အဆင့်တွင် ဘရစ္စတိုးစီးတီးအသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် လိဂ်ဖလား(ယခုကာရာဘာအိုဖလား) နောက်ဆုံးဖိုင်နယ်ပွဲသို့ ရှစ်ကြိမ်မြောက်တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းနှင့် ကစားရမည့် နောက်ဆုံးဖိုင်နယ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဝင်ဘလေကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# မီလန်နဲ့ လာဇီယိုရဲ့ ကိုပါအီတာလီယာဖလားအကြိုအားစမ်းပွဲ

**၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၂၂**

**ရှိုင်းမင်းမင်း - ရေးသားသည်**

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၂ ကို လာမယ့် ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာ အသင်းကြီးနှစ်သင်းဖြစ်တဲ့ မီလန်နဲ့လာဇီယိုတို့ဆုံတွေ့နေကာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အေစီမီလန်အနေနဲ့ လာဇီယိုကိုထိန်းချုပ်နိုင်ပါ့မလား ဆိုတာက စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။**

### ဆာစူအိုလို - အတ္တလန္တာ ည ၁၁း၃၀ (၂၇-၁-၁၈)

ဒီရာသီ ကိုပါအီတာလီယာဖလားပြိုင်ပွဲနဲ့စီးရီးအေပြိုင်ပွဲတို့မှာ အတ္တလန္တာတို့ အိမ်ကွင်းမှာကစားခဲ့ရပြီး နိုင်ပွဲတွေ ရယူနိုင်ခဲ့ပေမယ့် ဂိုးပြတ်မနိုင်ခဲ့ပါဘူး။ အထူးသဖြင့် ဆာစူအိုလိုကအိမ်ကွင်းဖြစ်နေတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာဖို့ရှိနေကာ အတ္တလန္တာက အဝေးကွင်းမှာတိုက်စစ်ပိုင်းအနည်းငယ်အားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အတ္တလန္တာတို့ အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်နေဦးမယ်။

### ချီယေဗို - ဂျူဗင်တပ် နံနက် ၂း၁၅ (၂၈-၁-၁၈)

ပထမအကျော့ကစားခဲ့တုန်းကဂျူဗင်တပ်တို့အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာလည်းဂျူဗင်တပ်အနေနဲ့ နာပိုလီကို ဖိအားပေးနိုင်ဖို့နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ချီယေဗိုက အိမ်ကွင်းမှာ တိုက်စစ်ကစားပုံ ပိုမိုကောင်းမွန်တတ်တယ်ဆိုပေမယ့်လည်း ခြေစွမ်းပိုင်းအရတော့ ဂျူဗင်တပ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ဂျူဗင်တပ်ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### SPAL - အင်တာ ည ၆း၀၀ (၂၈-၁-၁၈)

SPAL က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းအရ မဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့် အင်တာကိုတော့ အသာရယူနိုင်ဖို့ခက်ပါတယ်။ အင်တာအနေနဲ့ အမှတ်တွေဆုံးရှုံးခဲ့လို့ ဒီလိုပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာလည်းဖြစ်တာကြောင့် SPAL တို့ ပိုမိုအခက်တွေ့နိုင်ပါတယ်။ အင်တာပဲနိုင်မယ်။

### တိုရီနို - ဘီနီဗင်တို ည ၈း၃၀ (၂၈-၁-၁၈)

ပထမအကျော့တုန်းက တိုရီနိုတို့ နိုင်ပွဲရအောင် ခက်ခက်ခဲခဲကစားခဲ့ရတာမှန်ပေမယ့်လည်း ဒီပွဲကတော့ အိမ်ကွင်းဖြစ်နေပါတယ်။ အထူးသဖြင့် ဘီနီဗင်တိုအနေနဲ့ တန်းမဆင်းရဖို့ အားစိုက်နေတယ်ဆိုပေမယ့်လည်း အဝေးကွင်းခြေစွမ်းကတော့ အတော်လေးအားနည်းနေကာ ကစားပြီးသမျှပွဲတိုင်း အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမယ့် တိုရီနိုတို့ အခွင့်အရေးရနိုင်တယ်။ တိုရီနို အနိုင်ရမယ်။

### နာပိုလီ - ဘိုလော့နာ ည ၈း၃၀ (၂၈-၁-၁၈)

စီးရီးအေပွဲပထမအကျော့အဖြစ် အဝေးကွင်းမှာ ကစားခဲ့ရတုန်းက နာပိုလီတို့ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်နေတာကြောင့် နာပိုလီတို့ နိုင်ပွဲရယူနိုင်ရေး ပိုမိုအားစိုက်လာဖို့ရှိနေပါတယ်။ ဘိုလော့နာက အိမ်ကွင်းပွဲတွေမှာထက် အဝေးကွင်းပွဲတွေမှာ နိုင်ပွဲပိုမိုရရှိတတ်တယ်ဆိုပေမယ့်လည်း နာပိုလီကိုတော့ ထိန်းချုပ်တုံ့ပြန်နိုင်ဖို့ခက်ပါတယ်။ ဂျူဗင်တပ်နဲ့ အားပြိုင်နေရတဲ့အတွက် နိုင်ပွဲရအောင်ကစားမယ့် နာပိုလီကသာ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

### ခရိုတိုနီ - ကယ်ဂလီယာရီ ည ၈း၃၀ (၂၈-၁-၁၈)

တန်းမဆင်းရဖို့အတွက် အားစိုက်နေတဲ့ခရိုတိုနီက ခြေစွမ်းပိုင်းအရ အားနည်းမှုများနေကာ တိုက်စစ်ကလည်း ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ ဒါပေမယ့် ဒီပွဲကအိမ်ကွင်းဖြစ်တဲ့အပြင် ခရိုတိုနီက အိမ်ကွင်းပွဲတွေမှာ ခံစစ်ပိုင်းကစားပုံ သိသိသာသာကောင်းမွန်တတ်တယ်။ ဒ့ါအပြင် ကယ်ဂလီယာရီခြေကလည်း အဝေးကွင်းပွဲတွေမှာ သာမန်သာရှိလို့ ဒီပွဲမှာတော့ ခရိုတိုနီတို့အခွင့်အရေးရနိုင်ပါတယ်။ ခရိုတိုနီတို့ အိမ်ကွင်းမှာ အမှတ်ရရှိအောင် အားစိုက်ကစားလာမှာပါ။

### ဖီအိုရင်တီးနား - ဗီရိုနာ ည ၈း၃၀ (၂၈-၁-၁၈)

ပထမအကျော့အဖြစ် အိမ်ကွင်းမှာကစားခဲ့တုန်းက ဗီရိုနာတို့ ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အဆိုပါအရှုံးကို ကုစားနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်နေပေမယ့်လည်း ဖီအိုရင်တီးနားကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ ခြေစွမ်းပိုင်းအရလည်း ဖီအိုရင်တီးနားက ပိုမိုကောင်းမွန်နေတဲ့အတွက် ဒီပွဲမှာလည်း ဖီအိုရင်တီးနားကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဂျီနိုအာ - အူဒီးနီးစ် ည ၈း၃၀ (၂၈-၁-၁၈)

ဂျီနိုအာကအိမ်ကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေပိုမိုပြီးထက်မြက်ပေမယ့် ခံစစ်ပိုင်းကလည်း ဂိုးပေးရမှုနှုန်း ပိုမိုမြင့်မားနေပါတယ်။ ဒါကြောင့်လည်း ဂျီနိုအာတို့ အဝေးကွင်းပွဲတွေမှာလောက် အိမ်ကွင်းပွဲတွေမှာ ရလဒ်ပိုင်းကောင်းမွန်ခြင်းမရှိတာဖြစ်ပါတယ်။ အူဒီးနီးစ်ကတော့ အသင်းလိုက်ခြေစွမ်းပိုင်းအရ ဂျီနိုအာထက် ပိုမိုတည်ငြိမ်ကာ အဝေးကွင်းမှာလည်း ကစားပုံကောင်းမွန်တတ်ပါတယ်။

### မီလန် - လာဇီယို ည ၁၁း၃၀ (၂၈-၁-၁၈)

ပထမအကျော့တုန်းက လာဇီယိုတို့ အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း မီလန်အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရတော့ အားနည်းနေတာကိုသတိပြုဖို့ ရှိနေပါတယ်။ ဒါပေမယ့် လာဇီယို ကလည်း ကြားရက်မှာစီးရီးအေပွဲကျန် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိ လာနိုင်မှာဖြစ်သလို မီလန်ကလည်း အမှတ်ဆုံးရှုံးမှုများခဲ့တာကြောင့် အားစိုက် ကစားလာမှာပါ။

### ရိုးမား - ဆမ်ဒိုးရီးယား နံနက် ၂း၁၅ (၂၉-၁-၁၈)

နှစ်သင်းစလုံး ကြားရက်မှာပွဲကျန်အဖြစ် ထိပ်တိုက်ဆုံခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း တစ်သင်းရဲ့အားနည်းမှုကို တစ်သင်းက သိရှိလာမှာဖြစ်လို့ ပိုမိုစိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒီပွဲမှာတော့ ရိုးမားက အိမ်ကွင်းအဖြစ် ကစားရမှာဖြစ်တာကြောင့် အခွင့်အရေးပိုမိုအသာရနေပါတယ်။ အိမ်ကွင်းမှာလည်း ရိုးမားခြေက ပိုမိုကောင်းမွန်တတ်ပါတယ်။ အထူးသဖြင့် ဆမ်ဒိုးရီးယားခြေက အိမ်ကွင်းမှာ အကောင်းဆုံးပုံစံရရှိတတ်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ အားနည်းမှုတွေ ရှိတတ်ပါတယ်။

# ထပ်ဆင့်ဝမ်းမြောက်အနုမောဒနာပြုခြင်း

လူ့အသိုင်းအဝိုင်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) ကမ္ဘာ့နိုင်ငံများအဖွဲ့အစည်း ရပ်တည်လည်ပတ်နိုင်ရန် ပုဂ္ဂိုလ်အားလုံးတို့၏ ပါဝင်မှုသည် မရှိမဖြစ်လိုအပ်သည်။ အခွန်ပေးမှုစနစ်သည် ထိုပါဝင်မှု၌ အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။ အခွန်ပေးမှုသည် မိမိ၊ သူတစ်ပါးအတွက် အကျိုးကျေးဇူးများသော ဒါနကုသိုလ်ဖြစ်သကဲ့သို့ အရေးပါသော နိုင်ငံသားတာဝန်လည်း ဖြစ်သည်။

သာသနာတော်ကြီး အစွန်ရှည်စွာ တည်တံ့နိုင်မြဲစေရန် ရည်သန်၍ ရှမ်းပြည်နယ်၊ ဗုဒ္ဓတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်အတွက် ငွေကျပ်သိန်းပေါင်း-၁၆,၀၀၀ (ကျပ်သိန်း-တစ်သောင်းခြောက်ထောင်)ကို စေတနာ၊ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့သော ကမ္ဘောဇဘဏ်လီမိတက်မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ် အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ပထမ" နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း** အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စုအနေဖြင့် လုပ်ငန်းများတိုးတက်အောင်မြင်၍ နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ လောကီနှင့် လောကုတ္တရာနှစ်ဖြာအကျိုး၊ နိုင်ငံနှင့် ပြည်သူ့အကျိုးများကို ပိုမိုသယ်ပိုးထမ်းဆောင်နိုင်ပြီး မြန်မာပြည်သူပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာ ပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာအရှင်ဓမ္မသာမိ-DPhil(Oxford)**
**ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ ရှမ်းပြည်နယ်၊ ဗုဒ္ဓတက္ကသိုလ်တည်ထောင်သူ၊ တောင်ကြီးမြို့နှင့် တပည့်သာဝကများ**


## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းလျှောက်လွှာများခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရှိ လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) | (၁၃) နေရာ | ဥပဒေဘွဲ့(သို့)တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (ခ) | ယာဉ်မောင်း-၅ (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | (၃) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိပြီး ယာဉ်မောင်းလိုင်စင်(ခ) အဆင့်ရှိ၍ ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနိုင်သူ ဖြစ်ရမည်။ |
| (ဂ) | ရုံးအကူ (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၇) နေရာ | အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူများသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဂ) အပိုဒ်(၁)(က)ပါရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၀) နှစ်ထက် မကျော်လွန်စေရ။
(ဃ) အပိုဒ်(၁)(ခ)ပါ ရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်စေရ။
(င) အပိုဒ်(၁) (ဂ) ပါရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၂၅) နှစ်ထက် မကျော်လွန်စေရ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးနေ့သက္ကရာဇ်နှင့် အသက်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) လျှောက်ထားလိုသည့်ရာထူး
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်နှင့်နေရပ်လိပ်စာ
(ဆ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
(ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်
(ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်။
(က) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံ
(ခ) ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် မူရင်းနှင့် သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(စ) ကျန်းမာကြောင်းဆေးလက်မှတ် ထောက်ခံချက်မူရင်း
(ဆ) ခန့်အပ်သည့်ရာထူးတွင် အနည်းဆုံး လုပ်သက် (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိဝန်ခံချက်

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်၅၄၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၉-၂-၂၀၁၈ရက်(သောကြာနေ့) နောက်ဆုံးထား၍ပေးပို့ရမည်။

၆။ အပိုဒ်(၁)(က)နှင့်(ဂ)ပါ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတပါဝင်သည့် အရည်အချင်းစစ်စာမေးပွဲအား ၁၇-၂-၂၀၁၈ရက် (စနေနေ့)တွင် ၁၃း၀၀နာရီမှ ၁၅း၀၀နာရီအထိအမှတ်(၃)၊ အခြေခံပညာအလယ်တန်းကျောင်း(အထကခွဲ)၊ နေပြည်တော်၌ဖြေဆိုရမည် ဖြစ်သည်။

၇။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားနှင့် ခုံနံပါတ်များကို ၁၆-၂-၂၀၁၈ရက် (သောကြာနေ့) နံနက်၉း၃၀နာရီမှ ညနေ ၃း၃၀နာရီအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)တွင်ထုတ်ပေးမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်တကွလူကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်သည်။

၈။ အပိုဒ်(၁)(ခ)ပါ လျှောက်ထားသူများအား ၂၀-၂-၂၀၁၈ရက် နံနက်၁၀နာရီတွင် ကျွမ်းကျင်မှုစစ်ဆေးမည်ဖြစ်ပါသဖြင့် နံနက်၈း၀၀နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)၊ နေပြည်တော်သို့ သတင်းပို့ရမည်ဖြစ်သည်။

၉။ အရည်အချင်းစစ် စာမေးပွဲရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဆောင်ရွက်မည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားပါမည်။

၁၀။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဝန်ထမ်းရေးရာဌာန(ဖုန်း-၀၆၇-၄၃၀၂၆၅)ကိုဆက်သွယ်စုံစမ်းနိုင်ပါသည်။







## Hole in one!

ဦးဂွန်ဒန်ဒူ(ခ)ကိုအားဒူသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၏ ငွေသော်တာကွင်းတွင် ၂၃-၁-၂၀၁၈ ရက် ညနေ ၄ နာရီ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ (၁၃၇)ကိုက်အကွာမှ **Pro $V_1$. Titleist** နံပါတ်(၃)ဘောလုံးကို Voltio No-9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဗိုလ်ချုပ်သန်းငွေ(ငြိမ်း)၊ အန်ကယ်ဂျိမ်း(ခ)ဦးဇော်ဦး၊ ဦးနေဝင်းမြင့်၊ ကိုသန်းဝင်းထွန်းတို့နှင့်အတူ ကစားလျက်ရှိပါသည်။

**အထွေထွေမန်နေဂျာ**
**မြို့တော်ဂေါက်ကွင်း**


## သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဈေးပြိုင်တင်ဒါစနစ်ဖြင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ ဘေးထွက်ပစ္စည်းများ၏ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၂၅-၁-၂၀၁၈) ရက်နေ့မှ (၅-၂-၂၀၁၈)ရက်နေ့အထိ (နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ)အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ (၅-၂-၂၀၁၈) ရက်နေ့ ညနေ ၄း၃၀ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ရောက်ရှိသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၄၁၂၃၇၅ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**

## INVITATION FOR OPEN TENDER (2/2018)
## [TENDER NO. MPPE/HSD/T/2(2017-2018)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Electricity and Energy for the supply of High Speed Diesel (376,000 ± 10% Barrels)
2. Tender Closing Date & Time -8-2-2018, 12:00 Hrs
3. Tender Opening Date & Time -8-2-2018, 13:00 Hrs
4. Delivery Time -March 2018 to June 2018
5. Tender documents and details information are available at the Department of Finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 26-1-2018 on payment of Myanmar Kyat One Hundred Thousand (Kyats 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Electricity and Energy**
**No(6), Complex, Nay Pyi Taw**

**Contact Phone No.**
**067-3411487/3411486/3411280/3411129**


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့အထွက်၊ အထည်ချုပ်စက်ရုံအနီး၊ (ခြံခတ်ပြီး၊ ရေပါမီးရှိ)၊ ခြံရှေ့ကွန်ကရစ်လမ်း၊
ပေ(၄၀×၆၀) ၇၀သိန်း
ပေ(၂၅×၆၀) ၄၅သိန်း
**ဖုန်း-၀၉-၇၉၅၅၁၈၃၅၅၊ ၀၉-၄၅၀၃၇၈၃၇၇**


## မွေးသက္ကရာဇ်နှင့်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် တပ်ကုန်းကျေးရွာနေ စောဒေးဖိုး၏ သမီးဖြစ်သူ အမည်မှန်မှာ နော်ဆဲဆဲဖော[၇/ကကန(နိုင်)၀၇၁၄၇၀]ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂. ၄. ၁၉၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ် မြတောင် အထကနဝမတန်း(D)တွင် ပညာသင်ကြားနေသော မနိုင်ထက်ထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးချိုသဲဖြစ်ပါကြောင်း။
**ဦးချိုသဲ [၅/ထခန(နိုင်)၀၅၈၆၈၃]**

## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၂)၊ သတ္တမတန်း(C)မှ မောင်ဇွဲနေဟိန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်[၅/ကလဝ(နိုင်)၀၀၀၅၅၆] ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၁၈ ရက်ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၁၄ ပါ၊ ကန့်ကွက်နိုင်ကြောင်း ဦးမောင်မောင်အေး ကြော်ငြာတွင် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/စက်မှု၊ မြေကွက်အမှတ်-၁၅၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ပုဒ်မခွဲ(က)နှင့် စပ်လျဉ်း၍ တရားရုံးမှ အောက်ပါအမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကို ချမှတ်နိုင်သည်-

(၁) ကြွေးမြီတင်ရှိနေသည့်ပုဂ္ဂိုလ်တစ်ဦးကို သက်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦးထံသို့ ကြွေးမြီအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပေးချေခြင်းမှလည်းကောင်း၊ ကြွေးမြီတင်ရှိနေသည့်ပုဂ္ဂိုလ်၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ငွေပေးချေခြင်းမှလည်းကောင်း တားမြစ်သည့်အမိန့်၊

(၂) သက်ဆိုင်သည့်ပုဂ္ဂိုလ်၏ကိုယ်စား သို့မဟုတ် ၎င်းတွဲဖက်လုပ်ကိုင်သူတစ်ဦး၏ ကိုယ်စား ငွေကြေး သို့မဟုတ် အခြားပစ္စည်းများကို လက်ဝယ်ထားရှိသူတစ်ဦးကို ငွေကြေး သို့မဟုတ် အခြားပစ္စည်းကို ကိုယ်စားလက်ဝယ်ထားရှိခွင့်ပြုသူ၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရအခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ငွေကြေး အားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ပေးချေခြင်းမှလည်းကောင်း၊ အခြားပစ္စည်းများကို လွှဲပြောင်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုကို ခွဲဝေပေးခြင်းမှလည်းကောင်း တားမြစ်သည့်အမိန့်၊

(၃) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ ငွေကြေးများကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ ပြင်ပသို့ ယူဆောင်ခြင်းကို ဖြစ်စေ၊ ပို့ဆောင်ခြင်းကိုဖြစ်စေ တားမြစ်သည့်အမိန့်၊

(၄) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ ပစ္စည်းကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ ပြည်တွင်းတစ်နေရာမှ နိုင်ငံတော်၏ပြင်ပ တစ်နေရာသို့ ယူဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကို တားမြစ်သည့်အမိန့်၊

(၅) ခန့်အပ်သည့်အမိန့် -

(ကက) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင် ထိုသူ၏ပစ္စည်း သို့မဟုတ် ထိုသူ၏ ပစ္စည်း တစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများရရှိသည့် ပစ္စည်းလက်ခံ ထိန်းသိမ်းသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူအား ခန့်အပ်သည့်အမိန့် သို့မဟုတ်

(ခခ) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် ကုမ္ပဏီအပါအဝင် အဖွဲ့အစည်းတစ်ခုဖြစ်လျှင် ထိုသူ၏ပစ္စည်း သို့မဟုတ် ထိုသူ၏ပစ္စည်းတစ်စိတ်တစ်ဒေသနှင့် စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများရရှိသည့် ပစ္စည်းလက်ခံ ထိန်းသိမ်းသူ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ခန့်အပ်သည့် အမိန့်၊

(၆) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ထိုသူ၏ နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက်စာတမ်းများကို တရားရုံးသို့ တင်ပြစေရန် ချမှတ်သည့်အမိန့် သို့မဟုတ်

(၇) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင် ထိုသူကို တရားရုံး၏ ခွင့်ပြုချက် မပါရှိဘဲ နိုင်ငံတော်အတွင်းမှ ထွက်ခွာခြင်းကို တားမြစ်သည့်အမိန့်။

(ဂ) ပုဒ်မခွဲ (ခ)အရ ပြုမူဆောင်ရွက်မှုများကို တားမြစ်ရန် အပြည့်အဝဖြင့်သော်လည်းကောင်း၊ ခြွင်းချက်ဖြင့်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားမှုကို တရားရုံးသို့ တင်ပြရာတွင် တရားရုံးကဆောင်ရွက်သင့်သည်ဟု ထင်မြင်ပါက လျှောက်ထားမှုကို ဆုံးဖြတ်ခြင်းမပြုမီ တရားရုံးသည် လျှောက်ထားမှုကို ဆုံးဖြတ်ရန် အချိန်ရွှေ့ဆိုင်းကြောင်း ဖော်ပြပါရှိစေမည့် ကြားဖြတ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(င) ပုဒ်မခွဲ (က) အရ လျှောက်ထားတင်ပြလာသည့်အခါ တရားရုံးသည် လျှောက်ထားသူကို ဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မခွဲ (ဃ) အရ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်သည့် စည်းကမ်းချက်တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုပြုလုပ်စေခြင်း မရှိစေရ။

(စ) တရားရုံးသည် တစ်ဦးတစ်ယောက်၏ လျှောက်ထားမှုအပေါ် ဤပုဒ်မအရ အမိန့်တစ်ရပ်ချမှတ်သည့်အခါ ထိုသူကဖြစ်စေ၊ ချမှတ်သည့်အမိန့်နှင့် သက်ဆိုင်သည့်သူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် ပထမချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်သည့် သို့မဟုတ် ပြင်ဆင်သည့် အမိန့်တစ်ရပ်အား ထပ်မံချမှတ်နိုင်သည်။

(ဆ) ပုဒ်မခွဲ (က) သို့မဟုတ် (ဂ) အရ ချမှတ်သည့် အမိန့်တစ်ရပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလတစ်ရပ်အထိ သို့မဟုတ် ဤပုဒ်မအရ အခြားအမိန့်တစ်ရပ်ဖြင့် ထိုအမိန့်အားပယ်ဖျက်သည့် အချိန်ကာလအထိ အကျိုးသက်ရောက်ကြောင်း ဖော်ပြနိုင်သည်။

**တားမြစ်မိန့်များ ချမှတ်နိုင်သည့် အခွင့်အာဏာများ**

၄၄၅။(က) တစ်ဦးတစ်ယောက်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်နေသည့် သို့မဟုတ် ကျူးလွန်မည့် အပြုအမူကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် မှတ်ပုံတင်အရာရှိ သို့မဟုတ် ထိုအပြုအမူကြောင့် အကျိုးခံစားခွင့် ထိခိုက်နစ်နာသူ သို့မဟုတ် နစ်နာမည့်သူ တစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ဖော်ပြပါပုဂ္ဂိုလ်က အဆိုပါအပြုအမူများကို ဆောင်ရွက်ခြင်းမှတားမြစ်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အပြင် တရားရုံးက ဆောင်ရွက်ရန်လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကို ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်စေနိုင်သည်-

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ကူညီခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်၍ဖြစ်စေ သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန်အားထုတ်ခြင်း၊

(၅) ဤဥပဒေကို တစ်ဦးတစ်ယောက်က ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကြောင်းတစ်ရပ်ရပ်ဖြင့် ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့် ပူးပေါင်းကြံစည်ခဲ့ခြင်း၊

(ခ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန် ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့် အခြေအနေရှိလျှင်ဖြစ်စေ၊ တရားရုံးသည် -

(၁) မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ သို့မဟုတ်

(၂) အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းကြောင့် အကျိုးခံစားခွင့်များ ထိခိုက်နစ်နာသည့် သို့မဟုတ် ထိခိုက်နစ်နာမည့် ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားမှုအရ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်စေရန် တားမြစ်အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ) တို့အရ တားမြစ်အမိန့်တစ်ရပ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားလာလျှင် တရားရုံးက ထိုသို့ လျှောက်ထားမှုမှာ သင့်လျော်သည်ဟု ဆုံးဖြတ်ပါက အဆိုပါပုဒ်မခွဲပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ထည့်သွင်း စဉ်းစားရန်မလိုဘဲ စစ်ဆေးဆောင်ရွက်နေသည့်ကိစ္စရပ်မှ အမှုသည်များ၏ သဘောတူဆန္ဒဖြင့် တားမြစ်အမိန့်တစ်ရပ်အား ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့အရ ချမှတ်ထားသည့် တားမြစ်အမိန့် တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိက ဤပုဒ်မအရ တားမြစ်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အခါ တရားရုံးသည်လျှောက်ထားသူကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကို ဖြစ်စေ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်သည့် စည်းကမ်းချက်တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှု ပြုလုပ်စေခြင်း မရှိစေရ။

(စ) တစ်ဦးတစ်ယောက်ကို ဤပုဒ်မအရ တရားစွဲဆိုစစ်ဆေးဆောင်ရွက်ရာတွင် တရားရုံးသည် ထိုသူနှင့်စပ်လျဉ်း၍ ပုဒ်မ ၄၄၄ အရ အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဆ) ဤပုဒ်မအရ တရားရုံးသည် တစ်ဦးတစ်ယောက်အား သီးခြားအပြုအမူတစ်ရပ်ကို ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊ သို့မဟုတ် သီးခြားပြုလုပ်မှုကိုဖြစ်စေ၊ ကိစ္စရပ်ကိုဖြစ်စေ ဆောင်ရွက်စေခြင်းတို့အတွက် တားမြစ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့် အခွင့်အာဏာရှိရာ တရားရုံးသည် တားမြစ်အမိန့်ချမှတ်ရန်အတွက် ဖြည့်စွက်၍လည်းကောင်း၊ အစားထိုး၍ လည်းကောင်း နစ်နာမှုများအတွက် ထိုသူက အခြားသူသို့ ငွေပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

**တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်ထားမှု မရှိခြင်း**

၄၄၆။ဤအခန်းတွင်ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ဤအခန်းပါ အခွင့်အာဏာများအပြင် တရားရုံးကရရှိသည့် အခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။

**မှုခင်းများ စစ်ဆေးဆောင်ရွက်ရာတွင် စာရင်းစာအုပ်များကို အသုံးပြုခြင်းနှင့် စာရင်းစာအုပ်အမျိုးအစား စာရင်းစာအုပ်များကို သက်သေခံအဖြစ် တင်ပြခွင့်ပြုခြင်း**

၄၄၇။(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များတစ်ရပ်ရပ်အရ ကုမ္ပဏီက ထိန်းသိမ်းပြုစုထားရှိရသော စာရင်းစာအုပ်မူရင်းတစ်ခုခုကို မည်သည့် မှုခင်းစစ်ဆေးဆောင်ရွက်ခြင်းတွင်မဆို သက်သေခံအဖြစ် တင်ပြခွင့်ရှိပြီး ယင်းစာရင်းစာအုပ်သည် ၎င်းတွင် ဖော်ပြထားသော သို့မဟုတ် မှတ်တမ်းတင်ထားသော ကိစ္စရပ်များအတွက် မြင်သာသော အထောက်အထားရှိပြီးဖြစ်သည့် သက်သေခံချက်တစ်ရပ် ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရမည့် မူရင်းစာရင်း စာအုပ်အဖြစ် ပြုလုပ်ထားသော စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့်အတိုင်း ထိန်းသိမ်းထားသော စာရင်းစာအုပ်တစ်အုပ်ဖြစ်သည်။

**စာရင်းစာအုပ်အမျိုးအစားများနှင့် သက်သေခံအထောက်အထားတန်ဖိုး**

၄၄၈။(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိရန် သို့မဟုတ် ပြုစုထားရှိရန် လိုအပ်သည့် စာရင်းစာအုပ်များကို အောက်ပါအတိုင်းထိန်းသိမ်းထားရှိရမည် သို့မဟုတ် ပြုစုထားရှိရမည် -

(၁) ချုပ်ထားသောစာအုပ် သို့မဟုတ် ချုပ်၍မထားဘဲ စည်းနှောင်ထားသော စာအုပ်တွင် ရေးသွင်းမှုများပြုလုပ်ခြင်း သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိခြင်း သို့မဟုတ် သိမ်းဆည်းထားခြင်း သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ပြုစုထားခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိခဲ့လျှင် စာရင်းစာအုပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ပြုစုထားရှိခြင်းကို ခွင့်မပြုရ-

(၁) မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော ကိစ္စရပ်များသည် မည်သည့်အချိန်တွင်မဆို စာဖြင့်ရေးသားပြုစုထားသည့်ပုံစံအနေဖြင့် ပြန်လည်ရယူနိုင်သည့် အခြေအနေတွင်ရှိခြင်း သို့မဟုတ်

(၂) အဆိုပါ ကိစ္စရပ်များကို မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော စာဖြင့်ရေးသားပြုစုထားသည့် ပုံစံအနေဖြင့် ပြန်လည်ရယူထားခြင်း။

(ဂ) ကုမ္ပဏီတစ်ခုသည် ဤဥပဒေအရ ၎င်းအနေဖြင့် ထိန်းသိမ်းထားရှိရသော သို့မဟုတ် ပြုစုထားရှိရသော စာရင်းစာအုပ်တစ်ရပ်ရပ် သို့မဟုတ် စာရင်းစာအုပ်၏တစ်စိတ်တစ်ဒေသကို ထိခိုက်ပျက်စီးမှု၊ ဖျက်ဆီးမှု၊ သို့မဟုတ် အချက်အလက်များ မှားယွင်းစေရန် ပြင်ဆင်မှုများ မဖြစ်ပေါ်စေရန်အတွက်သော်လည်းကောင်း၊ ယင်းစာရင်းစာအုပ်ရှိ အချက်အလက် မှားယွင်းမှုများကို ဖော်ထုတ်ရန်အတွက်သော်လည်းကောင်း သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကြိုတင်ဆောင်ရွက်မှုများရှိခဲ့လျှင် အဆိုပါဆောင်ရွက်မှုများအပါအဝင် ထိုက်သင့်သည့် ကြိုတင်ဆောင်ရွက်မှုများအားလုံးကို ပြုလုပ်ဆောင်ရွက်ထားရမည်။

(ဃ) ကုမ္ပဏီတစ်ခုသည် အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ် နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့်အခါ သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ အဆိုပါအကြောင်းကိစ္စများပါဝင်သော စာရင်းစာအုပ်ကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် အဆိုပါအကြောင်းကိစ္စများပါဝင်သော စာရင်းစာအုပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မိတ္တူများကူးယူနိုင်စေရန် ဤဥပဒေအရ ဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်သည် စာဖြင့်ရေးသားထားသည့်ပုံစံဖြင့် ထားရှိသော အကြောင်းကိစ္စများကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် ထိုအကြောင်းကိစ္စတစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စာဖြင့်ရေးသားထားပြီး ရှင်းလင်းကောင်းမွန်သည့်ပုံစံဖြင့် ရယူထားရှိသော စာရွက်စာတမ်းကို ပြုစုပေးနိုင်စေရန်အတွက် ပြုလုပ်ပေးရမည့် တာဝန်တစ်ရပ်အဖြစ် အဓိပ္ပာယ်ကောက်ယူရမည်။

(င) ပုဒ်မခွဲ(ဃ) အရ ပြုစုထားရှိရမည့် စာရွက်စာတမ်းများတွင် ပါဝင်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြစ်စေရန် မည်သို့ပြင်ဆင် ပြုစုရမည်ဟူသော ညွှန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ထုတ်ပြန်နိုင်သည်။

(စ) အကယ်၍-

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရသည့် သို့မဟုတ် ပြုစုထားရှိရသည့် စာရင်းစာအုပ်သည် အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံအထောက်အထားဖြစ်လျှင်၊ ၎င်းအပြင်

(၂) အဆိုပါ စာရင်းစာအုပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိလျှင် သို့မဟုတ် မှတ်တမ်းတင်ထားရှိလျှင်။

ထိုသို့မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အကြောင်းကိစ္စများကို ထုတ်ယူရရှိသည့် စာဖြင့်ရေးသားထားသော စာရွက်စာတမ်းသည် အဆိုပါကိစ္စရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံအထောက်အထား ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# စာရင်းအင်းဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာအချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

၄၁။ မည်သူမျှ မူလစာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းမပြုရ။

**အခန်း(၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၄၂။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၄၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၃။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများ သို့မဟုတ် စာရင်းအင်း အချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်သိန်း ၁၀၀ ထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဆက်လက်ကျူးလွန်နေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သည့် ပထမနေ့ရက်မှအပ ဆက်လက်ကျူးလွန်သည့်နေ့ရက်များအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက တစ်ရက်လျှင် ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက တစ်ရက်လျှင် ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ကိုလည်းကောင်း ချမှတ်ရမည့်အပြင် မမှန်သောအကြောင်းအချက်များ သို့မဟုတ် မမှန်သောစာရင်းများ သို့မဟုတ် မမှန်သောအဖြေများနှင့်သက်ဆိုင်သည့် ပြစ်မှုကို မှန်သောအကြောင်းပြချက် သို့မဟုတ် မှန်သောစာရင်း သို့မဟုတ် မှန်သော အဖြေပေးအပ်သည့်နေ့တိုင်အောင် ဆက်လက်ကျူးလွန်နေသည်ဟု မှတ်ယူရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၅ မှ ပုဒ်မ ၄၁ အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သက်ဆိုင်ရာပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ လည်းကောင်း သဘောရိုးဖြင့် ဆောင်ရွက်သည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မည်သူ့ကိုမျှ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်းမပြုရ။

**အခန်း(၁၂)**

**အထွေထွေ**

၄၈။ ဤဥပဒေ စတင်အာဏာသက်ရောက်သည့် နေ့မှစ၍ တစ်နှစ်အထိအချိန်ကာလကို ပညာပေးကာလဟု သတ်မှတ်၍ ၎င်းကာလကျော်လွန်လျှင် တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေပါ ပြစ်မှုပြစ်ဒဏ်များချမှတ်ရမည်။

၄၉။ ဤဥပဒေအရ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးအပ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ -

(က) အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ယင်းအသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း၏ ဦးဆောင်အဖွဲ့ အကြီးအမှူးတွင်တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ခ) စီးပွားရေးလုပ်ငန်းဖြစ်လျှင် ယင်းစီးပွားရေးလုပ်ငန်းရှင်တွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ဂ) ကုမ္ပဏီဖြစ်လျှင် ယင်းကုမ္ပဏီကို ဦးဆောင်သည့် ဒါရိုက်တာတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ဃ) အသင်းအဖွဲ့၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတွင် ဤဥပဒေပါ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆောင်ရွက်ရန် တာဝန်ကို ၎င်းတို့၏ကိုယ်စား တစ်ဦးတစ်ယောက်အား လွှဲအပ်ထားကြောင်း စာရင်းအင်းဆိုင်ရာအကြီးအမှူးထံ သတ်မှတ်ချက်နှင့်အညီ အမည်စာရင်း တင်သွင်းပေးပို့ထားရမည်။ အမည်စာရင်း ပြောင်းလဲလိုပါက စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ စာဖြင့်ပေးပို့ရမည်။

၅၀။ မည်သူမဆို စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထောက်ပြ အကြံပြုချက်များကို စာရင်းအင်းဆိုင်ရာအကြီးအမှူးထံသို့ ပေးပို့နိုင်သည်။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြရမည်။

၅၁။ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၅၂။ ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပုဒ်မ ၄၃ အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်သူများသည် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့သည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေများ၊ စရိတ်များ အပါအဝင် ဗဟိုကော်မတီ၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကျခံရမည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၆။ ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (အက်ဥပဒေအမှတ် ၃၄/၁၉၅၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ပြဋ္ဌာန်း

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၅ ပါ "နိုင်ငံတော်၏အရအသုံးစာရင်းများ" ဆိုသည့် စကားရပ်၏နောက်တွင် "နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံး စာရင်းများစစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်းနှင့် ထူးခြားသောအခြေအနေကို အခါအားလျော်စွာတင်ပြခြင်း၊

(ခ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ-

(၁) နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးခြင်း၊

(၂) အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၃) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြုမှု ရှိ၊ မရှိ စစ်ဆေးခြင်း။

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် ထမ်းဆောင်သည့် လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းများ ခန့်ထားဆောင်ရွက်ခြင်းသည် ခွင့်ပြုသည့် ဝန်ထမ်းအင်အားအတွင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(င) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေသည် မူလရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက် ဖြစ်မြောက်စေမည့် အခြေအနေမျိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့သည် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းအရ သတ်မှတ်ထားသည့် စာရင်းထားသိုပုံနည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဆ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဇ) (၁) နိုင်ငံပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာ အသုံးပြုမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၂) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့်ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ် ကြေညာ၍ သိမ်းယူထားသည့် ပစ္စည်းများ၊ ပိုင်ရှင်က တရားဝင်စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင်ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင် စာရင်းသွင်းခြင်းရှိ၊ မရှိ၊ ထိန်းသိမ်းခြင်းရှိ မရှိ၊ စနစ်တကျ အသုံးပြုခြင်း ရှိ၊ မရှိ၊ လိုအပ်သည့် ကိစ္စများတွင် စနစ်တကျ ထုခွဲရောင်းချ လွှဲပြောင်းပေးခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း။

(ဈ) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍-

(၁) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှု စာရင်းများကို စစ်ဆေးခြင်း၊

(၂) ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုများ၏ အရေအတွက်နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊

(၃) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၄) ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်၍ စစ်ဆေးခြင်း၊

(၅) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းဖွဲ့စည်းလုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်မှုများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေးစွမ်းဆောင်ရည် တိုးတက်မှု၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု၊ လုပ်ငန်းစည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ငွေကြေးနှင့် ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်မှု စသည်တို့ကို စစ်ဆေးခြင်း။

(ည) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ ယင်း၏လုပ်ငန်းတစ်ရပ်ရပ်အား စစ်ဆေးပေးရန် ညှိနှိုင်းလာပါက လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဋ) မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းတို့အား ကြီးကြပ်ခြင်းနှင့် လိုအပ်သောလမ်းညွှန်မှုများပေးခြင်း၊

(ဌ) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်း လုပ်ကိုင်သူတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# ပဲခူးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

**ပဲခူး ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးမြို့ ဥဿာကျော်ဟိုတယ်အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အင်း၊ ဆည်များ၊ ရေတံခွန်များ၊ ရေလှောင်တမံများတွင် အပန်းဖြေစခန်းများဖွင့်လှစ်နိုင်ရေးအတွက်ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဟိုတယ်လုပ်ငန်းများဝန်ဆောင်မှု ကောင်းမွန်ရေး၊ လုံခြုံရေး၊ မီးဘေးကာကွယ်ရေး၊သန့်ရှင်းရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအစဉ်ဂရုတစိုက်ဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ပဲခူးဇုန်ဥက္ကဋ္ဌ ဦးမင်းညိုနှင့်ပဲခူးမြို့ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစန်းလွင်တို့က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ဟိုတယ်လုပ်ငန်းရှင်များကလည်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်ဆုများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သောကြောင့် ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဟိုတယ် အဆင့်အတန်းမြင့်မားရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေးကို ထိန်းသိမ်းကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြို့၌ ဟိုတယ်အလုံး ၃၀၊ ပြည်မြို့၌ ၂၄ လုံး၊ တောင်ငူမြို့၌ ၁၃ လုံး စုစုပေါင်း ၆၇ လုံးရှိသည်။ ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပမှဝင်ရောက်မှု ၃၄၃၃၈၅ ဦး၊ ၂၀၁၇ခုနှစ်တွင် ၈၄၂၁၄၁ ဦးရှိခဲ့သည်။ ဟိုတယ်တည်းခိုမှုနှင့် ဝင်ငွေရရှိမှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းဧည့်သည် ၁၄၂၅၇၀၊ ပြည်ပဧည့်သည် ၁၄၆၀၅ ဦး တည်းခိုခဲ့ပြီး ဝင်ငွေအားဖြင့်ကျပ်သိန်းပေါင်း ၁၈၈၈၈၆ ဒသမ ၈ သိန်းနှင့်အမေရိကန်ဒေါ်လာ ၂၄၁၆၄၈ ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ပြည်တွင်းဧည့်သည် ၁၂၅၅၉၉ ဦး၊ပြည်ပဧည့်သည် ၁၇၆၁၅ ဦး တည်းခိုပြီး ဝင်ငွေအားဖြင့်ကျပ်သိန်းပေါင်း ၁၈၂၃၀ ဒသမ ၇၆ သိန်းနှင့်အမေရိကန်ဒေါ်လာ ၂၀၂၈၀၁ ရရှိခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# မျိုးသုဉ်းပျောက်ကွယ်တော့မည့် မိန်ကောင်ပေါက်သုံးကောင် သဘာဝအတိုင်းရှင်သန်ရန် မူရင်းအသိုက်တွင် ပြန်ပို့ပေး



**ကျွန်းလှ ဇန်နဝါရီ ၂၅**

ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ထိန်တောကျေးရွာနေ တောင်သူတစ်ဦး လယ်တောသို့ သွားစဉ်ဖြုန်းချောင်းတံတား အနောက်ဘက် သက္ကယ်တောထဲတွင် ဇန်နဝါရီ ၁၅ရက်က တွေ့ရှိဖမ်းမိသော မြန်မာအခေါ် ငှက်ဆိုးဟုခေါ်သော မိန်ကောင်ပေါက် သုံးကောင်ကို မူရင်းအသိုက်သို့ ပြန်လည်ထားရှိပြီး ဖြစ်ကြောင်း စစ်ကိုင်းတိုင်း ဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းထံမှသိရသည်။

"သားငှက်ထိန်းသိမ်းရေးဌာနကလက်ထောက်ညွှန်ကြားရေးမှူးနဲ့အဖွဲ့က သတင်းကြားလို့ အဲဒီရွာသွားကြည့်တယ်၊ မိန်ကောင်လေးတွေက ရက်သားလောက်ပဲရှိသေးတယ်၊ အလွန်ငယ်ပါသေးတယ်၊ အသိုက်ထဲနေတဲ့အရွယ်တွေဖြစ်တယ်၊ ဒါပေမယ့် ကျန်းမာရေးအခြေအနေက တော်တော်ကောင်းပါတယ်၊ သူတို့ကိုမူလတွေ့ခဲ့တဲ့အသိုက်ထဲပြန်ထည့်ပေးထားခဲ့ပါတယ်၊ အဲဒီနားကလူတွေကို ဒီငှက်ကမိန်ကောင်လို့လည်းခေါ်တယ်၊ ငှက်ဆိုးလို့လည်းခေါ်တယ်လို့ အသိပေးထားပါတယ်၊ အိမ်တွေမှာလည်းမထားကောင်းတဲ့ အကြောင်းပြောပြီး အသိုက်ထဲပြန်ထည့်ထားခဲ့ပါတယ်၊ အသိုက်မှာမိခင်ကြီးကလာရှာထားတဲ့ လက္ခဏာတွေလည်းတွေ့ရပါတယ်" ဟု ဦးခင်မောင်ဝင်းကပြောသည်။

တွေ့ရှိသောမိန်ကောင်မျိုးကို ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မ၁၅ (က)အရ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် လုံးဝကာကွယ်ထားသောငှက်စာရင်းတွင် ပါဝင်ကြောင်းသားငှက်ထိန်းသိမ်းရေးဌာန၏ ရှာဖွေတွေ့ရှိချက်များတွင်ပါဝင်သည်။ ထို့ပြင်InternationalUnion For Conservation Of Nature(IUCN) Red List တွင် Least Concern (မျိုးသုဉ်းရန် စိုးရိမ်ရသောမျိုးစိတ်)စာရင်းတွင် ပါဝင်ကြောင်းသိရသည်။

ငှက်သားပေါက် သုံးကောင်မှာ အသိုက်နှင့်ကင်းကွာခဲ့သည်မှာ တစ်ရက်ခန့်သာရှိသေးကြောင်းတွေ့ရသည့်အတွက် မိခင်နှင့်ပြန်တွေ့ပြီး သဘာဝအတိုင်း ဆက်လက်ရှင်သန် ကျက်စားနိုင်ရန်အတွက် မူရင်းအသိုက်သို့ ပြန်ထားခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် မီဒီယာများမှတစ်ဆင့် အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဘေးဒုက္ခ စီမံခန့်ခွဲရေးဌာနမှ ကြီးမှူးကျင်းပသည့် မီဒီယာများအတွက် လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်တွင် ပြုလုပ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းရွှေက"ပြည်သူတွေအနေနဲ့ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာတွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး မီဒီယာတွေကနေတစ်ဆင့် အသိပညာပေးနိုင်ရန်အတွက် ဖြစ်ပါတယ်၊ ပြည်သူတွေဟာ လျှပ်စစ်ဘေးနဲ့ပတ်သက်ပြီးတော့ ထိခိုက်ဆုံးရှုံးနိုင်မှုတွေသိမှသာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခြင်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုတွေ လျော့နည်းစေအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ ပြည်သူတွေအနေနဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ အသိပညာတွေရဖို့ ပညာရှင်တွေရဲ့ အသိပေးညွှန်ကြားချက်တွေ လိုက်နာဖို့လိုပါတယ်" ဟုပြောသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ပြည်ထောင်စုအဆင့်၊ အမျိုးသား ရှာဖွေကယ်ဆယ်ရေးကော်မတီတွင် အဖွဲ့ဝင်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသားအဆင့် ဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိကြောင်းသိရသည်။ထို့ပြင် ရပ်ရွာအခြေပြု၊ ကျောင်းအခြေပြု ဘေးအန္တရာယ် လျော့ပါးရေး စီမံချက်များ၊ မြို့ပြအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများဖွဲ့စည်းခြင်း၊ လျှပ်စစ်ဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့အပြင် အခြားသောအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ မြေလျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က "အဓိက အသိပညာပြန့်ပွားရေးပါပဲ၊ အကြောင်းအရာတစ်ခုကို စိုးရိမ်စိတ်တွေများတယ်ဆိုရင်လည်း မကောင်းပါဘူး၊ မေ့မေ့လျော့လျော့ နေမယ်ဆိုရင်လည်း အန္တရာယ်ဖြစ်နိုင်ပါတယ်၊ ပြည်သူတွေကိုယ်တိုင်က ဒီအကြောင်းအရာကို တိတိကျကျသိထားဖို့လိုပါတယ်၊ မြေလျှင်က ခန့်မှန်းရခက်တယ်၊ တားလို့မရပေမယ့် ဘေးအန္တရာယ် လျော့ပါးအောင် အသိပညာပေးခြင်းကနေပြီးတော့ ထိထိရောက်ရောက် ကာကွယ်နိုင်အောင်လုပ်လို့ရပါတယ်" ဟု ပြောသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူနှင့် မြန်မာနိုင်ငံ လျှပ်စစ်ကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဘူမိဗေဒပညာရှင်၊ မြန်မာနိုင်ငံလျှပ်စစ်ကော်မတီ၊ လျှပ်စစ်ပညာရှင်၊ အဆောက်အအုံပညာရှင်တို့က လျှပ်စစ်ဆိုင်ရာ သိကောင်းစရာများ၊ အဆောက်အအုံဆောက်လုပ်ရာတွင် မြေအမျိုးအစား အပါအဝင် သိရှိထားရမည့် အကြောင်းအရာများ၊ လျှပ်စစ်မလှုပ်မီ ကြိုတင်ပြင်ဆင်မှုများ၊ လျှပ်စစ်လှုပ်ဆဲနှင့် လှုပ်ပြီးတွင်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လျှပ်စစ်ကော်မတီမှ ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ပညာရှင်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများက မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သီသီမင်း**

# မှူခင်းကျဆင်းရေးအသိပညာပေး

**ရန်ကင်း ဇန်နဝါရီ ၂၅**

ရန်ကင်းမြို့နယ် အမှတ် ၆ ရပ်ကွက် သာသနာ့ဗိမာန်ဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီက ရန်ကင်းမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးလှိုင်က ရပ်ကွက်နေပြည်သူများအား မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မှူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## နာမည်ကျော် ဒရုန်းကုမ္ပဏီဖြစ်သည့် DJI မှ ထုတ်လုပ်သည့် ခေါက်သိမ်းသယ်ယူသွားနိုင်သည့် ဒရုန်းသစ်




အမေရိကန်နိုင်ငံအခြေစိုက် နာမည်ကျော်ဒရုန်းထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် DJI သည် နယူးယောက်မြို့တွင် ကျင်းပခဲ့သော နည်းပညာပြပွဲတစ်ခုတွင် Mavic Air အမည်ရ ခေါက်သိမ်းသယ်ယူသွားနိုင်သော ဒရုန်းအသစ်တစ်မျိုးကို မိတ်ဆက်ပေးခဲ့သည်။ အဆိုပါဒရုန်းအသစ်သည် DJI မှ ယခင်ထုတ်လုပ်ရောင်းချပေးခဲ့သည့် ပေါ့ပါးပြီး ဈေးသက်သာသော Spark အမျိုးအစားနှင့် ခမ်းနားပြီး ပြီးပြည့်စုံသည့်အရည်အသွေးရှိသော Mavic Pro အမျိုးအစား ဒရုန်းနှစ်ခုကြားတွင် ရရှိနိုင်မည့် ဈေးနှုန်းနှင့် နည်းပညာလုပ်ဆောင်ချက်များ Mavic Air ဒရုန်းအမျိုးအစားအသစ်တွင် ပါဝင်မည်ဟုသိရသည်။

၎င်းဒရုန်းအမျိုးအစားအသစ်ကို အပေါ်ဘက်မှကြည့်လျှင် Mavic Pro အမျိုးအစားနှင့် ဒီဇိုင်းပိုင်းတူညီမှုရှိပြီး အရှေ့ဘက်မှကြည့်လျှင် Spark အမျိုးအစားနှင့် ဒီဇိုင်းပိုင်းတူညီမှုရှိသောကြောင့် အဆိုပါ ဒရုန်းအမျိုးအစားနှစ်ခုကို ဒီဇိုင်းပေါင်းစပ်ထုတ်လုပ်ထားသည့် Mavic Air ဒရုန်းဖြစ်လာမည်ဖြစ်သည်။ ပေါ့ပါးလွယ်ကူစွာသယ်ဆောင်သွားနိုင်ပြီး တစ်နာရီလျှင် ၂၂ မိုင်နှုန်းဖြင့် တိုက်သည့်လေကို အန်တုပျံသန်းနိုင်မည်ဖြစ်ပြီး Mavic Pro အမျိုးအစားထက် ၄၀ ရာခိုင်နှုန်း ပိုမိုပေါ့ပါးသည်ဟုသိရသည်။

အဆိုပါဒရုန်းတွင် တပ်ဆင်ပေးထားသော ကင်မရာမှာ 4K ရုပ်ထွက်ပိုင်းနှင့် 12MP အရည်အသွေးရှိသော ရုပ်သံဗီဒီယိုများကို 24-30 FPS အတွင်းရိုက်ကူးသွားနိုင်ကာ 24mm Wide-Angle မှန်ဘီလူးပါဝင်ပြီး ဗီဒီယိုများ ရိုက်ကူးရာတွင် တုန်ခါမှုမရှိစေရန် Gimbal Casing ကိုလည်းတပ်ဆင်ပေးထားသည်။ ယခင်ထွက်ရှိပြီး Mavic Pro အမျိုးအစားထက် ပိုမိုမြန်ဆန်ပေါ့ပါးလာကာ တစ်နာရီလျှင် ၄၂ ဒသမ ၅ မိုင်နှုန်းအထိ ပျံသန်းနိုင်မည်ဖြစ်ပြီး ၂၁ မိနစ် ကြာမြင့်စွာ မောင်းနှင်နိုင်မည်ဟုသိရသည်။ ဘက်ထရီလဲလှယ်ကာအသုံးပြုနိုင်မည်ဖြစ်ပြီး ဆက်တိုက်ပျံသန်းမှုအတွက် ဒရုန်း၏အပူချိန်မြင့်တက်လာမှုကိုလျှော့ချပေးရန် လေဝင်လေထွက်စနစ်ကောင်းမွန်ရန်အတွက် ဒီဇိုင်းပြန်လည်ပြုပြင်ထားပြီး Cooling စနစ်ပါဝင်သည်ဟု သိရသည်။

ကြိုးမဲ့ချိတ်ဆက်မှုစနစ်နှင့် ပုံစံဒီဇိုင်းအသစ်ထည့်သွင်းပေးထားကာ နှစ်မိုင်ခွဲအကွာအဝေးအထိ ကြိုးမဲ့ထိန်းချုပ်မောင်းနှင်နိုင်ပြီး ပျံသန်းရေးလမ်းကြောင်းပေါ်ရှိ အတားအဆီးများကို လွယ်ကူစွာရှောင်ရှားသွားလာနိုင်ကာ ပျံသန်းသည့်ပုံစံ၊ မြေပြင်ဆင်းသက်ခြင်းနှင့် အဝေးထိန်းခလုတ်ကို လက်အမူအရာဖြင့်လည်းထိန်းချုပ်မောင်းနှင်နိုင်မည်ဟုသိရသည်။ အရောင်သုံးမျိုးထုတ်လုပ်ထားပြီး လာမည့် ဇန်နဝါရီ ၂၈ ရက်မှ စတင်ကာ ကြိုတင်မှာကြားထားသူများထံ စတင်ပို့ဆောင်ပေးမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၉၉ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။ ALEX

## Microsoft မှ ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်ကာ တန်ဖိုးနည်း Laptop လေးမျိုးမိတ်ဆက်

ယခင်ကလည်း တန်ဖိုးနည်း Laptop များကို ဈေးကွက်အတွင်း ရောင်းချပေးခဲ့ခြင်းများရှိခဲ့ဖူးသည့် Microsoftသည် ယခုအခါတွင်လည်း ငွေကြေးချို့တဲ့သည့် ကျောင်းသားကျောင်းသူများအတွက် အမေရိကန်ဒေါ်လာ ၃၀၀ အောက် တန်ဖိုးရှိ တန်ဖိုးနည်း Laptop လေးမျိုးကို ထပ်မံမိတ်ဆက်ပေးလိုက်သည်။ ၎င်း Laptop များကို အမေရိကန်နိုင်ငံတွင် စတင် ရောင်းချသွားမည်ဖြစ်ပြီး အမျိုးအစားလေးမျိုးအတွက် Window 10 စနစ်နှင့် Office 365 ကဲ့သို့ နောက်ဆုံးထွက် လုပ်ဆောင်မှုစနစ်များထည့်သွင်းပေးထားပြီး အဆိုပါ ထည့်သွင်းပေးထားသော Window 10 နှင့် Office 365 နှစ်ခုပေါင်းလျှင် ဒေါ်လာ ၂၀၀ နီးပါးတန်ကြေးရှိသောကြောင့် ဈေးသက်သာပြီး အဆင့်မြင့်သည့် Laptop အမျိုးအစားများပင်ဖြစ်သည်။

ပထမအမျိုးအစားဖြစ်သည့် Trigono V401 အမျိုးအစားမှာ ဈေးအကြီးဆုံးအမျိုးအစားဖြစ်ကာ အမေရိကန်ဒေါ်လာ ၃၀၀ ဝန်းကျင်ဖြင့်ရရှိနိုင်ပြီး Touch Screen ပါဝင်ကာ Pen ဖြင့်လည်း အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည်ဟု သိရသည်။ ဒုတိယအမျိုးအစားမှာ Classmate Leap T303 ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်တွင်ရရှိနိုင်ကာ တတိယအမျိုးအစား Lenovo 300e သည် ပထမအမျိုးအစားကဲ့သို့ Touch Screen ပါဝင်ပြီး စာရေးသားရန်နှင့် ပုံများဆွဲသားရန်အတွက် အထောက်အကူပြုစနစ်ပါဝင်ပြီး စတုတ္ထအမျိုးအစား Lenovo 100e သည် အမျိုးအစား အားလုံးထဲတွင် ဈေးအသက်သာဆုံး Laptop ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၉၀ ဝန်းကျင်တွင်ရှိနိုင်ကာ Intel Celeron Apollo Lake ပရိုဆက်ဆာအသုံးပြုထားသည်ဟုသိရသည်။ အဆိုပါ Laptop များကို Lenovo နှင့် JP နည်းပညာကုမ္ပဏီနှစ်ခုနှင့် Microsoft တို့ပူးပေါင်းထုတ်လုပ်ကာ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ALEX

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)



# ဖတ်မှတ်ဆင်ခြင်၊ သိမြင်မျှဝေ

မောင်စာဂ

"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အမြဲဖတ်" ဤသည်ကို ကလေးဘဝကတည်းက မှတ်သားထားခဲ့သည်။ စာပေမှန်သမျှ နေ့စဉ်ဖတ်အပ်သည်။ မှတ်သင့်သည်တို့ကို မှတ်ရမည်။ မှတ်ပြီးလျှင် မိမိဖတ်ထား၊ မှတ်သားထား သမျှတို့ကို ပြန်လည်၍ ဆင်ခြင်မှုပြုရမည်။ ထိုသို့ ဆင်ခြင်မှုပြုလျှင် အသိတွေ အမြင်တွေတိုးပွားလာမည်။ မိမိရရှိသောအသိအမြင်များကို သူတစ်ပါးတို့အား မျှဝေပေးခြင်းအားဖြင့် ကောင်းကျိုးချမ်းသာများကို ရရှိခံစားနိုင်မည်မှာ ဧကန်ပင်။

ဤတွင် ဥပဒေကို ဖတ်မှတ်ဆင်ခြင်၊ သိမြင်မျှဝေ၊ ပွားများအားထုတ်နေခြင်းဖြင့် မြတ်စွာဘုရား၏ တရားတော်များကို ကျင့်ကြံပွားများ အားထုတ်ရာ ရောက်သကဲ့သို့ ဖြစ်နေမည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ရရှိနိုင်စွမ်းရှိသည်ဟု တွေးတောဆင်ခြင်၊ စောကြောမိပြန်သည်။ မျှဝေပါရစေ။

## တရားဂုဏ်တော်

တရားဂုဏ်တော်ခြောက်ပါးရှိသည်။ အနှစ်ချုပ်အားဖြင့် ဤသို့မှတ်သားထားမိသည်။

ဘဂဝတော် မြတ်စွာဘုရားသည် ဓမ္မောမင်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကို သွာက္ခာတော ကောင်းစွာဟောကြားတော်မူအပ်ပါပေ၏။ သန္ဒိဋ္ဌိကော၊ ကျင့်ဆဲမလာ ယခုဘဝ၌ပင်လျှင် သိမြင်ခံစားရသော တရားတော်ဖြစ်ပါပေ၏။ အကာလိကော အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးတတ်ပါပေ၏။ ဧဟိပဿိကော၊ လာပါ၊ ရှုပါ၊ ကျင့်ကြံပါဟု ဖိတ်ခေါ်ထိုက်သော တရားဖြစ်တော်မူပါပေ၏။ ဩပနေယျိကော၊ ကိုယ်နှင့်မကွာကပ်၍ ဆောင်ထားအပ်သော တရားတော်ဖြစ်ပါပေ၏။ ဝိညူဟိ၊ ပညာရှိတို့သည်သာလျှင် ပစ္စတ္တံဝေဒိတဗ္ဗော ကိုယ်စီကိုယ်င ခံစားသိမြင်ရသော တရားတော်ဖြစ်ပါပေ၏။

## နိကာယ်ဟူသည်

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပါဠိတော်များကို သုတ်ရှည်၊ သုတ်လတ်၊ သုတ်ငယ်စသည် စုပေါင်းထားသော သုတ်အစုအပေါင်းကိုဆိုသည်။ ဒီဃနိကာယ် ပဏ္ဏာသမဂ္ဂနိကာယ်၊ သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဟူ၍ ငါးပါးရှိသည်။

## ကျမ်းဂန်ဟူသည်

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များကို ကျမ်းရှည်၊ ကျမ်းလတ်၊ ကျမ်းငယ် စသည်စုပေါင်းထားသည်တို့ကို ကျမ်းဂန်ဟုဆိုသည်။

## တရားတော်၏ အကျိုး

မြတ်စွာဘုရား၏တရားတော်များကို ရွတ်ဖတ်ခြင်း၊ သင်ကြားနာယူမှတ်သားလိုက်နာခြင်း၊ ဆင်ခြင်ပွားများခြင်း၊ မျှဝေခြင်း၊ ဟောပြောပို့ချခြင်းများသည် ဓမ္မပူဇာ တရားတော်ကို ပူဇော်ခြင်း ဖြစ်သည်။ တရားတော်ကို အမြဲမပြတ်မှီဝဲပူဇော်ဆည်းကပ်နေသူတို့သည် နေအပူဒဏ်ကို မိမိဆောင်းသောထီးက အကာအကွယ်ပေး၍ ငြိမ်းအေးစေသကဲ့သို့ တရားတော်၏ ပြန်လည်စောင့်ရှောက်မှု အကျိုးကို ကောင်းစွာရနိုင်၏။ တရားတော် အလှူပေးခြင်းသည် မသေဆေးကိုတိုက်ကျွေးသည်နှင့် တူ၏။ မသေရွာ နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်၏။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများရရှိစေ၏။ တရားတော်ကို ဖတ်၊ မှတ်၊ ဆင်ခြင်၍ ကျင့်ကြံပွားများ အားထုတ်လျှင် တရားထူးများရ၍ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ဓာတ်ချမ်းသာမြတ်ကို တပ်အပ်သေချာရရှိ ခံစားနိုင်ကြပါ၏။

## ဥပဒေ၏ဦးတည်ချက်

ဥပဒေသည် နိုင်ငံတော်၊ နိုင်ငံလူ့ဘောင်အဖွဲ့အစည်း တစ်ခုခု၏ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးကို ဦးတည်သည်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ မျှတခြင်းကို ရှေးရှုသည်။ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပျော်ရွှင်ချမ်းမြေ့ရေးကိုမျှော်မှန်းသည်။ ဥပဒေကိုလိုက်နာခြင်း၊ ဥပဒေဘောင်အတွင်းမှာ နေထိုင်လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုသူများသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို လိုက်နာကြပြီးဖြစ်သည်။ တရားတော်များကို ကျင့်ကြံပွားများအားထုတ်ခြင်း၏ အထောက်အပံ့ဖြစ်စေသည်။

ထိုနည်းတူ ဥပဒေကိုကိုင်တွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများအနေဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်ခြင်း၊ မိမိတို့ကိုယ်တိုင်ကလည်း ဥပဒေနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြခြင်းဖြင့် ပါရမီရှင် သူတော်ကောင်းသူမြတ်ကောင်းများ ဖြစ်စေသည်။ တရားတော်များကို ကျင့်ကြံပွားများအားထုတ်ခြင်း၏ အကောင်းဆုံးသော အထောက်အပံ့ဖြစ်စေသည်။

## ဥပဒေဂုဏ်အင်္ဂါ

ဥပဒေတွင် ဤသို့သောဂုဏ်အင်္ဂါရပ်များနှင့်ပြည့်စုံသည်။

**လောကပါလတရား။** ။ ဥပဒေဟူသည် လွတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားဂုဏ်အင်္ဂါနှင့်ပြည့်စုံရာ၏။

**ကြည်လင်သောဂုဏ်သတ္တိ။** ။ ဥပဒေသည် ကြည်လင်သောဂုဏ်သတ္တိရှိ၏။ ဥပဒေကိုကြည့်သူက မျက်မှန်စိမ်းတပ်၍ကြည့်လျှင် ကြည်လင်ခြင်းကိုမတွေ့ရ၊ မျက်မှန်စိမ်းအတိုင်းသာမြင်ရမည်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ၊ အတ္တ၊ မာနစသည့်အစွဲတစ်ခုခုနှင့် ကြည့်လျှင် ကြည်လင်မှုကိုမရ နောက်ကျိ သွားရသည်။ ဥပဒေ၏ကြည်လင်သောဂုဏ်သတ္တိပျက်ယွင်းရသည်။

**အေးမြသည့်အရိပ်အသွင်။** ။ ဥပဒေ၏အရိပ်သည် သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်၊ သစ်ရွက်တွေနှင့် ဝေဆာနေသည့် အေးမြသည့်သစ်ပင်၏အရိပ်နှင့်တူ၏။ အေးမြသည့်အသွင်ကိုဆောင်၏။ သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်၊ သစ်ရွက်တို့ကို ချိုးဖျက်သူများကြောင့် သစ်ပင်၏ အရိပ်သည် ပျက်ယွင်းရသကဲ့သို့ ဥပဒေကို ဖောက်ဖျက်ကြလျှင်၊ ဥပဒေကိုမှန်မှန်ကန်ကန်မကျင့်သုံးလျှင် အေးမြသည့်ဥပဒေ၏အရိပ်သည် ပျက်ရသည်။ ဥပဒေ၏ အရိပ်ကို ခိုလှုံခွင့်မရရှိကြ။

**မယိမ်းမယိုင်ကျောက်စာတိုင်ပမာ။** ။ ဥပဒေသည် ယိမ်းယိုင်ခြင်းမရှိ ကျောက်စာတိုင်ပမာ တည့်တည့်မတ်မတ် ခိုင်မြဲစွာတည်၏။ ဥပဒေကိုလိုလျှင် လိုသလို၊ မလိုလျှင် မလိုသလိုဆွဲယူကျင့်သုံးခြင်းကြောင့်သာ ဥပဒေသည် မျှော့ကြိုးသဖွယ် သမုတ်ခံရ၏။

**သိမ်မွေ့ခြင်းအသွင်လက္ခဏာ။** ။ ဥပဒေသည် သိမ်မွေ့ခြင်း အသွင်လက္ခဏာဆောင်၏။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူတစ်ဦးအား အပြစ်ကျူးလွန်ကြောင်း အဆုံးအဖြတ်မပြုသေးသမျှ အပြစ်ကျူးလွန်သူဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းကို ခွင့်မပြု။ အပြစ်ကျူးလွန်သူ ၁၀ ယောက်အမှုမှ လွတ်ချင် လွတ်သွားပါစေ။ အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကို အပြစ်မပေးမိစေဖို့ အမြဲ ဦးတည်၏။

**ခက်ထန်မာကျောခြင်းအသွင်လက္ခဏာ။** ။ ဥပဒေသည် ခက်ထန်မာကျောသော အသွင်လက္ခဏာဆောင်၏။ မင်းမှုထမ်း၊ ဝန်ကြီး၊ ဝန်ကလေး၊ အရာရှိ အရာခံ၊ သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစား၊ လယ်သမား၊ ယာသမား၊ ဆင်းရဲသားမကျန် မည်သူကိုမျှ မျက်နှာသာမပေး၊ ဘက်လိုက်မှုမရှိ၊ ခွဲခြားခြင်းမရှိ၊ သံယောဇဉ်မထား၊ မားမားမတ်မတ်ရပ်တည်၏။

**သစ္စာရှိခြင်းအသွင်လက္ခဏာ။** ။ ဥပဒေသည် သစ္စာရှိခြင်း အသွင်လက္ခဏာဆောင်၏။ သစ္စာအရာ၌ တည်၏။ တရားမျှတမှုကို အလိုရှိသောသူသည် မိမိကိုယ်တိုင်က မှန်ကန်ရမည်၊ သန့်ရှင်းရမည်။ သန့်ရှင်းသောလက်ဖြင့် လာရမည်။ သို့မဟုတ်ပါက ဥပဒေ၏တရားမျှတမှု မှန်ကန်မှုကို ရယူနိုင်မည် မဟုတ်။

## ဥပဒေ၏အကျိုး

ဥပဒေကိုလေ့လာဖတ်ရှုခြင်း၊ သင်ကြားနာယူမှတ်သားခြင်း၊ ဆင်ခြင်ပွားများခြင်းဖြင့် အသိအမြင်များရရှိစေသည်။ အသိအမြင်များ ရရှိလာသည်နှင့်အမျှ ဥပဒေကို လိုက်နာတတ်လာမည်။ ဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်တတ်လာမည်။ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြင့် ဘေးကင်းရန်ကွာ စိတ်ချမ်းသာမှုများရရှိမည်။ ဥပဒေ၏ အကာအကွယ်ကိုရသည်။ ဥပဒေ၏ အရိပ်ကို ခိုလှုံခွင့်ရသည်။ ဥပဒေ၏ ပြန်လည်စောင့်ရှောက်မှုကို ခံရသည်။ ဥပဒေကိုလိုက်နာ၍ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာမည်။ တရားဥပဒေစိုးမိုးမည်။ ငြိမ်းချမ်းသာယာသော ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော လောကီလူ့ဘောင် အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်။ ဥပဒေပါရမီစိတ်ထား၊ ဥပဒေမဂ္ဂင်စိတ်ထားများ ပွားများအားထုတ်နိုင်မည်။

## ဥပဒေပါရမီစိတ်ထား

ဥပဒေကိုလေ့လာဖတ်ရှုမှတ်သားဆင်ခြင်၍ သိမြင်လာသော ဥပဒေအသိပညာများကို သူတစ်ပါးတို့အား သိရှိစေရန် စေတနာ၊ မေတ္တာရှေ့ထား၍ မျှဝေပေးကမ်းခြင်းသည် ဒါနဖြစ်သည်။ ဒါန၏အခြေခံသည် မေတ္တာတရားဖြစ်သည်။ မေတ္တာထားနိုင်မှ ဒါနပြုနိုင်သည်။ မေတ္တာအားကောင်းမှ ဒါနအားကောင်းသည်ဟု ဆိုကြသည်။ ဒါနကိုကြိမ်ဖန်များစွာ ပြုလုပ်ခဲ့သော် ဥပဒေဒါနပါရမီနှင့် မေတ္တာပါရမီတို့ကို ဖြည့်ကျင့်ရာရောက်၏။

ဥပဒေဒါနပြုနိုင်ရန် ဥပဒေအသိပညာများကို အပတ်တကုတ် ကြိုးစားအားထုတ်လေ့လာခြင်း၊ ဖတ်ခြင်း၊ မှတ်ခြင်း၊ ဆင်ခြင်ပွားများခြင်းဖြင့် အသိပညာများ တိုးပွားသည်ထက်တိုးပွားရရှိ၏။ ဤတွင် ပညာပါရမီနှင့် ဝီရိယပါရမီတို့ကို ဖြည့်ကျင့်ရာရောက်၏။

မိမိသိရှိသော ဥပဒေအသိပညာများကို မှန်ကန်စွာ မျှဝေပေးကမ်းသွားမည်။ အမြဲမပြတ် မျှဝေပေးကမ်းသွားမည်။ အညီအမျှဖြစ်စေရမည် စသည်ဖြင့် ခိုင်မာစွာ ဆုံးဖြတ်ချက်ချမှတ်၍ ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်၏။ ဤတွင် သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီနှင့် ဥပေက္ခာပါရမီတို့ကို ဖြည့်ကျင့်ရာရောက်၏။

ဥပဒေကိုလိုက်နာခြင်း၊ ဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်ခြင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီ မှန်ကန်စွာပြောဆိုခြင်း၊ ရေးသားခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ကို စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ သောကဖြစ်ခြင်း၊ ရှက်ခြင်း၊ ကြောက်ခြင်း အလျဉ်းမရှိဘဲ တရားသဖြင့် မှန်ကန်စွာဆုံးဖြတ်ဆောင်ရွက်၏။ ဤတွင် သီလပါရမီ၊ ခန္တီပါရမီ၊ နိက္ခမပါရမီတို့ကို ဖြည့်ကျင့်ရာရောက်၏။

## ဥပဒေမဂ္ဂင်စိတ်ထား

ဥပဒေကိုလိုက်နာခြင်း၊ ဥပဒေဘောင်အတွင်းမှာ နေထိုင်ခြင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခြင်း၊ မှန်မှန်ကန်ကန်ဆုံးဖြတ်ခြင်း၊ တရားသဖြင့်ဖြစ်စေခြင်း၊ ဘက်လိုက်မှုကင်းခြင်း၊ အညီအမျှဖြစ်စေခြင်း စသည်တို့ကို အလိုရှိသောသူများသည် မဂ္ဂင်တရားရှစ်ပါးနှင့် ယှဉ်သော ဥပဒေမဂ္ဂင် စိတ်ထားမျိုးအလိုလိုရရှိနေသည်ဟုဆိုအပ်၏။

ကောင်းစွာသိမြင်မှုရှိခြင်း၊ ကောင်းစွာကြံစည်မှုရှိခြင်းတို့ကြောင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင်နှစ်ပါးကို ဖြည့်ဆည်းအားထုတ်ရာရောက်၏။

ကောင်းစွာပြောဆိုမှုရှိခြင်း၊ ကောင်းစွာပြုလုပ်မှုရှိခြင်း၊ ကောင်းစွာအသက်မွေးမှုရှိခြင်းတို့ကြောင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတည်းဟူသော မဂ္ဂင်သုံးပါးကို ဖြည့်ဆည်းအားထုတ်ရာရောက်၏။

ကောင်းစွာအားထုတ်မှုရှိခြင်း၊ ကောင်းစွာအောက်မေ့မှုရှိခြင်း၊ ကောင်းစွာတည်ကြည်မှုရှိခြင်းတို့ကြောင့် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော သမ္မာဓိမဂ္ဂင်သုံးပါးကို ဖြည့်ဆည်းရာ ရောက်၏။

ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားလမ်းစဉ်သည် တစ်ခုတည်းသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားများလည်းဖြစ်သည်ကို မြတ်စွာဘုရား ဟောမိန့်ထားခဲ့သည်။

## လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုး

ဥပဒေပညာသည် လောကီပညာရပ်ဖြစ်သည်။ လောကီကောင်းကျိုးချမ်းသာအတွက်ဖြစ်သည်။ လူ့ပြည်လူ့ဘောင် အေးချမ်းသာယာရေးအတွက် ဖြစ်သည်ဆိုသည်ကား မှန်ပါ၏။ သို့ရာတွင် ဥပဒေကို လေးစားလိုက်နာသူ၊ ဥပဒေနှင့်အညီ ဥပဒေဘောင်အတွင်းမှာ နေထိုင်သူ၊ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်သူ၊ အဆုံးအဖြတ်ပေးသူ၊ ဘက်မလိုက်သူ၊ တရားသဖြင့်ဖြစ်စေသူ စသည့်ဖြင့် ဥပဒေပါရမီစိတ်ထား၊ ဥပဒေမဂ္ဂင်စိတ်ထား ရှိကြသူများသည်ကား လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ရရှိခံစား၊ စံစားရမည်မှာ မုချဧကန်ပါပဟု ဆိုလိုက်ပါရစေလား။

ဥပဒေကို အမြဲမပြတ် ဖတ်မှတ်ဆင်ခြင်၊ သိမြင်မျှဝေ၊ ပွားများအားထုတ်နေခြင်းဖြင့်-

တရားဥပဒေစိုးမိုး၍ ငြိမ်းချမ်းသာယာသော လောကီလူ့ဘောင် တည်ဆောက်နိုင်ပါစေ။

ဗုဒ္ဓ၏တရားတော်များကို ကျင့်ကြံပွားများ အားထုတ်ခြင်း၏ အကောင်းဆုံးသော အထောက်အပံ့ပြုနိုင်ကြပါစေ။ ။

> "ဥပဒေကိုကိုင်တွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများအနေဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်ခြင်း၊ မိမိတို့ကိုယ်တိုင်ကလည်း ဥပဒေနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြခြင်းဖြင့် ပါရမီရှင် သူတော်ကောင်း သူမြတ်ကောင်းများဖြစ် . . ."

## အော်စကာဆုလျာထားစာရင်းမှာ မပါဝင်တဲ့အတွက် Wonder Woman ပရိသတ်တွေ စိတ်ပျက်

ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ အမျိုးသမီးလူစွမ်းကောင်းရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Wonder Woman" ဟာ လတ်တလော ထုတ်ပြန်ပေးခဲ့တဲ့ ၂၀၁၈ ခုနှစ်ရဲ့ အော်စကာဆုပေးပွဲဆုလျာထားစာရင်းမှာတော့ ဆုနေရာတစ်ခုတောင် အမည်စာရင်းတင်သွင်းဖော်ပြခြင်း မခံခဲ့ရတာ ဖြစ်ပါတယ်။ ရုံတင်ခဲ့ချိန်မှာ ဝင်ငွေအရ အလွန်အောင်မြင်ခဲ့ပြီး ပရိသတ်အားပေးမှုကို တစ်ခဲနက်ရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်ပေမယ့် ဟောလိဝုဒ်ရဲ့ အထင်ရှားဆုံးသောအနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲလို့ လူသိများတဲ့ အကယ်ဒမီဆုပေးပွဲရဲ့ ယခုနှစ်အတွက် ဆုလျာထားစာရင်းမှာ ပါဝင်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။ ဒါကြောင့် "Wonder Woman" ရုပ်ရှင်ကို ချစ်ခင်အားပေးခဲ့ကြတဲ့ ပရိသတ်တွေကတော့ ယခုလို အမည်စာရင်းတစ်နေရာတောင်မှ ဖော်ပြခံခဲ့ရခြင်း မရှိတဲ့အပေါ် အလွန်ကိုစိတ်ပျက်နေကြောင်း ကော့စ်မိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၃ ရက်မှာတော့ ၂၀၁၇ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့ကြတဲ့ ရုပ်ရှင်တွေမှာ ပါဝင်ခဲ့ကြသူတွေအနက် ထူးချွန်အနုပညာရှင်တွေနဲ့ ထူးချွန်အနုပညာလက်ရာတွေကို ရွေးချယ်ကာ ဆုလျာထားဆန်ခါတင်စာရင်းကို ထုတ်ပြန်ပေးခဲ့ပါတယ်။ ဒီလိုထုတ်ပြန်ခဲ့ရာမှာတော့ "The Shape of Water" ရုပ်ရှင်က ဆုနေရာ ၁၃ ခုနဲ့ ဆန်ခါတင်စာရင်းမှာ ထိပ်ဆုံးက ဦးဆောင်နေပြီး " Dunkirk "ကတော့ ဆုနေရာ ရှစ်ခုနဲ့ ဒုတိယအများဆုံးဖြစ်ကာ "Three Billboards Outside Ebbing, Missouri" ရုပ်ရှင်တွေကတော့ ဆုပေါင်း ခုနစ်ဆုအတွက် လျာထားစာရင်းဝင်နေတာ တွေ့ရပါတယ်။ ဒါပေမယ့် အမျိုးသမီးဇာတ်ကောင်ကို အဓိကဇာတ်အိမ်တည်ကာ ရိုက်ကူးထားတဲ့ "Wonder Woman"ကတော့ ဆုလျာထားစာရင်းမှာ ပါဝင်ခဲ့ခြင်းမရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေက အွန်လိုင်းမီဒီယာတွေပေါ်မှာ ဝေဖန်ခဲ့ကြပါတယ်။ အချို့ကလည်း ဒီအဖြစ်အပျက်ဟာ ဆုလျာထားစာရင်းမဝင်ခဲ့ရုံသာ မဟုတ်ဘဲ ဟောလိဝုဒ်ရဲ့ အမျိုးသမီးတွေအပေါ် တန်းတူမရှိတာကို ညွှန်းဆိုနေတယ်လို့လည်း ဆိုပါတယ်။ ဒါ့အပြင် အချို့သောဝေဖန်သူတွေက "Wonder Woman" ဟာ သရုပ်ဆောင်ထူးချွန်ဆုသာမက ဓာတ်ပုံဆုနဲ့ပါ ထိုက်တန်နေတာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒီလိုဆုလျာထားစာရင်းမဝင်တာဟာ ကမ္ဘာတစ်လွှားမှာ ရုံတင်ခဲ့ချိန်က ရရှိခဲ့တဲ့ "Wonder Woman" ရဲ့အောင်မြင်မှုတွေကို အော်စကာအသိုင်းအဝိုင်းက လျစ်လျူရှုထားရာလည်း ရောက်တယ်လို့ စွပ်စွဲပြောဆိုမှုတွေလည်းရှိခဲ့ကြောင်း သိရပါတယ်။





## လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဆောင်းဆန်ဟွန်းနဲ့ လျူရီဖိုင်

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်းဆန်ဟွန်းဟာ လတ်တလောမှာတော့ တစ်ကိုယ်တည်းသမားဘဝကို ပြန်လည်ရောက်ရှိသွားပြီလို့ ဆိုရမှာပါ။ ဆောင်းဟွန်းဟာ သူနဲ့နှစ်နှစ်ခန့် လက်တွဲလာခဲ့တဲ့ တရုတ်မင်းသမီးလျူရီဖိုင်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း နှစ်ဖက်အသိုင်းအဝိုင်းက လတ်တလောမှာ အတည်ပြုပေးခဲ့တာဖြစ်ပါတယ်။

တရုတ်မီဒီယာတစ်ခုက လျူရီဖိုင်ဘက်က သူတို့နှစ်ဦးကွဲသွားကြပြီဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပေမယ့် ကြယ်ပွင့်နှစ်ဦးဟာ အချိန်အတော်ကြာလက်တွဲခဲ့ကြသူတွေဖြစ်တာကြောင့် နှစ်ဦးအကြားက ခံစားချက်ကိုယ်စီကို ပြန်လည်ဆန်းစစ်ကာ ရှေ့ဆက်ဖို့ရာ အချိန်ယူနေကြတဲ့ အခိုက်အတန့်လည်း ဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။

ဆောင်းဆန်ဟွန်းရဲ့ အေဂျင်စီကတော့ "သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဆိုတာအမှန်ပါပဲ၊ အတိအကျထုတ်ဖော်ပြောဖို့ကတော့ သူတို့ရဲ့ပုဂ္ဂိုလ်ရေးဖြစ်တဲ့အတွက် အေဂျင်စီအနေနဲ့ မသိပါဘူး၊ ဆောင်းဆန်ဟွန်းရော၊ လျူရီဖိုင်ရော နှစ်ယောက်လုံး သူတို့ရဲ့အနုပညာလုပ်ရှားမှုတွေကို ရပ်နားခြင်းမရှိဘဲ လုပ်ဆောင်နေကြပါတယ်၊ ဒါကြောင့် များပြားလှတဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေနဲ့ပြည့်နေတဲ့သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် အချိန်ပေးကာ တွေ့ဆုံနိုင်ခြင်းမရှိပါဘူး၊ ဒီလိုလမ်းခွဲလိုက်တာဟာ တရုတ်နိုင်ငံက ကိုရီးယားဒရမ်မာသရုပ်ဆောင်တွေကို တားမြစ်ထားတာကြောင့် ဆိုတာတော့ မဟုတ်ပါဘူး"လို့ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

ဆောင်းဆန်ဟွန်းနဲ့ လျူရီဖိုင်တို့ဟာ တရုတ်-ကိုရီးယားပူးပေါင်းရိုက်ကူးတဲ့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲ "The Third Way of Love"မှာ ခေါင်းဆောင်တွေအဖြစ်ပါဝင်ခဲ့ကြရင်း ချစ်ကြိုက်ခဲ့တာဖြစ်ပါတယ်။ နှစ်နှစ်ကျော်ကြာ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြပြီးနောက် လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ လျူရီဖိုင်ဟာ မကြာသေးမီက ဒစ်စနေက ဖန်တီးသွားမယ့် လိုက်ဖ်အက်ရှင်ရုပ်ရှင် "Mulan" မှာ အဓိကဇာတ်ဆောင်အဖြစ်ပါဝင်သွားဖို့ ရွေးချယ်ခံခဲ့ရကြောင်း အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

## ပဲရစ်ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့ကြတဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ လတ်တလောမှာတော့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ပြုလုပ်ခဲ့တဲ့ ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒါဟာ ကြယ်ပွင့်စုံတွဲအတွက်တော့ နိုင်ငံခြားမှာ မောင်နှံစုံတက်ရောက်ခဲ့တဲ့ ပထမဆုံးသော ဖက်ရှင်ပြပွဲတစ်ပွဲလည်း ဖြစ်လာခဲ့တယ်လို့ အောကေပေ့ါ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဟေကိုကတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၃ ရက်မှာ ဇန်နဝါရီ ၂၂ မှ ၂၅ ရက်အထိ ကျင်းပသွားမယ့် ပဲရစ်ဖက်ရှင်သီတင်းပတ်ရဲ့ Dior အမှတ်တံဆိပ်က ပြုလုပ်တဲ့ "2018 Fall/Winter Paris Fashion Show " ပြပွဲကို တက်ရောက်ခဲ့တာဖြစ်ပြီး ဆောင်ဂျွန်ကီကတော့ ပြီးခဲ့တဲ့ နှစ်ရက်အကြာက ယင်းဖက်ရှင်ပြပွဲရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အမျိုးသားတွေအတွက် ရည်ရွယ်ပြသတဲ့ပွဲကို တက်ရောက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ကြယ်ပွင့်စုံတွဲဟာ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲ " Descendants of the Sun"မှာ ဇာတ်ဆောင်တွေအဖြစ် တွဲဖက်ပါဝင်ခဲ့ကြရင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ ယင်းဇာတ်လမ်းရိုက်ကူးထုတ်လွှင့်နေစဉ်မှာပင် ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေအကြိမ်ကြိမ်ထွက်ခဲ့ပေမယ့် အမြဲငြင်းဆိုခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းလောက်မှာတော့ နှစ်ဦးသားချစ်သူတွေ ဖြစ်နေကြကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ကာ မင်္ဂလာသတင်းကိုပါ တစ်ပါတည်း အသိပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၃၁ရက်မှာတော့ မင်္ဂလာပွဲကို ဆိုးလ်မှာရှိတဲ့ ကြယ်ငါးပွင့်ဟိုတယ်တစ်ခုဖြစ်တဲ့ ရှီလာဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ မင်္ဂလာပွဲကိုတော့ ရင်းနှီးသူတွေ၊ မိသားစုဝင်တွေနဲ့သာ ပြုလုပ်ခဲ့တာဖြစ်ပြီး မီဒီယာတွေကို ဝင်ခွင့်မပေးခဲ့တာကြောင့် ဒရုန်းနဲ့သာ ရိုက်ကူးခဲ့ရကာ တောင်ကိုရီးယားရဲ့ ပထမဆုံးသောဒရုန်းနဲ့သာ ရိုက်ကူးခွင့်ရခဲ့တဲ့ ကြယ်ပွင့်တွေရဲ့ မင်္ဂလာအခမ်းအနားဖြစ်လာခဲ့ပါတယ်။

မင်္ဂလာပွဲအပြီးမှာတော့ ဥရောပကို ဟန်းနီးမွန်းခရီး ထွက်ခဲ့ကြပြီး ဆောင်ဂျွန်ကီဝယ်ယူခဲ့တဲ့ အီတေးဝန်က နေအိမ်မှာ အတူနေထိုင်နေကြတာဖြစ်ပါတယ်။ ဆောင်းဟေကိုဟာ အိမ်ထောင်ရှင်မတစ်ဦးဖြစ်လာခဲ့ပြီးနောက် အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်တာမတွေ့ရဘဲ အခမ်းအနားတွေ တက်ရောက်တာကိုသာ တွေ့ရပါတယ်။ လတ်တလော ပြင်သစ်ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့တာဟာ မင်္ဂလာအခမ်းအနားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် မောင်နှံစုံတက်ရောက်တဲ့ အခမ်းအနားတစ်ခုလည်း ဖြစ်ပါတယ်။



## ကင်မ်ဟွန်ဂျွန်း၏ တောင်အမေရိက နယ်လှည့်ဖျော်ဖြေပွဲများ လာမည့်လအတွင်း စတင်မည်

တောင်ကိုရီးယားရဲ့ ကေပေ့ါ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ ကင်မ်ဟွန်ဂျွန်းရဲ့ တောင်အမေရိကနယ်လှည့်



ဖျော်ဖြေရေးခရီးစဉ်ကိုတော့ လာမယ့်ဖေဖော်ဝါရီ လလယ်ပိုင်းမှာ စတင်သွားမှာဖြစ်တယ်လို့ အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း စစ်မှုထမ်းကာလတွေကို ပြီးဆုံးခဲ့ပြီဖြစ်တဲ့ ကင်မ်ဟွန်ဂျွန်းဟာ ယခုလို အနုပညာလှုပ်ရှားမှုတွေ ပြန်လည်စတင်လာတာလည်း ဖြစ်ပါတယ်။

သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေး ခရီးစဉ်ကို ဘိုလီးဗီးယားမှာ လာမယ့် ဖေဖော်ဝါရီ ၁၇ ရက်မှာ စတင်သွားမှာဖြစ်ပြီး အဲဒီနောက်မှာတော့ ချီလီမှာ ဖေဖော်ဝါရီ ၂၀ ရက်မှာလည်းကောင်း၊ မက္ကဆီကိုမှာ ၂၃ ရက်မှာလည်းကောင်း အသီးသီး ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီလိုဖျော်ဖြေပွဲတွေ ကျင်းပရာမှာတော့ တစ်နေရာစီမှာ ပရိသတ် ၄၀၀၀ ခန့်က ကင်မ်ဟွန်ဂျွန်းကို လာရောက်အားပေးဖို့ ရှိနေကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် ကင်မ်ဟွန်ဂျွန်းဟာ ဂျပန်နဲ့ အခြားသောနိုင်ငံတွေမှာလည်း ဖျော်ဖြေပွဲတွေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာဖြစ်ပြီး ကျင်းပသွားမယ့် ရက်အတိအကျကိုတော့ နောက်ပိုင်းမှာ ထုတ်ဖော်ပြောကြားပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်
စုစည်းသည်

ဒေါက်တာစောလှမြို့ ဦးစီးသော

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

Nurturing Future Leaders

Since 1998

## တက္ကသိုလ်ဝင်တန်း ပညာသင်ဆု လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာထူးချွန်သော ကျောင်းသားကျောင်းသူများကို ကူညီအားပေးရန် စကောလားရှစ် ပညာသင်ဆုချီးမြှင့်ခြင်းကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုနှစ် န၀မတန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူတိုင်း လျှောက်ထားနိုင်ပါသည်။

(က) ရေးဖြေစာမေးပွဲကို န၀မတန်းသင်ရိုးအတိုင်း မြန်မာစာ စာစီစာကုံး၊ အင်္ဂလိပ်စာ (Essay & Letter)၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ ပါဝင်သော သုံးနာရီမေးခွန်းလွှာကို ဖြေဆိုရပါမည်။

(ခ) ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့နှုတ်ဖြေ စစ်မေးပြီး အပြီးသတ်ရွေးချယ်ပါမည်။

(ဂ) နယ်မှကျောင်းသားကျောင်းသူများအတွက် နီးစပ်ရာ ခရိုင် (သို့မဟုတ်) ပြည်နယ်/တိုင်းဒေသကြီး မြို့တော်များတွင် ရွေးချယ်ရေးစာမေးပွဲများကို ကျင်းပပေးပါမည်။

(ဃ) ပထမအဆင့် (First Class) အနေဖြင့် ရွေးချယ်ခံရသူများသည် EC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်နှစ် တစ်နှစ်တာ သင်ကြားရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး စရိတ်အားလုံး (လုံး၀) ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(င) ဒုတိယအဆင့် (Second Class) အနေဖြင့် ရွေးချယ်ခံရသူများသည် သင်ကြားရေးစရိတ် ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

(စ) လျှောက်ထားလိုသူများသည် အမည်၊ အဖအမည်၊ ကျောင်းနှင့် တန်းခွဲ၊ ဆက်သွယ်ရန်လိပ်စာ၊ ရရှိခဲ့ဖူးသော ထူးချွန်ဆုများကို ဖော်ပြလျက် (၂၈-၂-၂၀၁၈) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

- ၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈
- (ကျောင်း) ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၉
- www.facebook.com/ecprivatehighschool

NM New Motion
NEW MOTION TRAVELS & TOURS
WORLDWIDE TRAVEL PROVIDER

မန္တလေးမြို့မှ ထွက်မည့်ခရီးစဉ်များ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဂျပန် | April 12 | အင်္ဂလန် | April 10 | ရုရှား | April 12 | ဟောင်ကောင် | April 11,13 | ဗီယက်နမ် | April 12 |
| တရုတ်ပြည်မကြီး | April 12 | အမေရိကား | April 07 | ဖြစ်စကြာလှ | April 10 | တတ်မွိုးယား | April 11 | ထမ္မောဝဲ်ယား | April 13 |
| အိန္ဒိယ | April 12 | ဥရောပ | April 10 | ဂျပန် | April 11,12 | ဘာလီ | April 12 | အိန္ဒိယ | April 12 |
| စင်္ကာပူ | April 13 | စပိန်-ပေါ်တူဂီ | April 11 | ကိုရီးယား | April 11,12 | စင်္ကာပူ | April 12,13 | ဒူဘိုင်း+ အိန္ဒိယ | April 13 |
| ပေါလီ | April 13 | ဂရိ | April 13 | ဒူဘိုင်း | April 12 | စင်း-မလေး | April 13 | အိန္ဒိယ+ ထမ္မောဝဲ်ယား | April 12 |
| | | စကန်ဒီနေးဗီးယား | April 09 | တရုတ်ပြည်မကြီး | April 12 | ဗီယက်နမ် | April 12, 13, 14 | | |

ရန်ကုန်မှ ထွက်မည့်ခရီးစဉ်များ

Mandalay Office 234, 33rd St., Bt 81st x 82nd St., Mandalay
Tel: +95-9-91021122, 09-43147879, 09-5034185
ESCAPE FROM EVERYDAY LIFE
Yangon Office 20, Kyun Taw Rd., Sanchaung Tsp., Yangon
Tel: +95-9-260792885/6/7, 09-73148933/44/55/66

GOLDEN LIGHT 0943197550,421099405,252225772

ဒွန့်ဇော်ဒေါ်သဘောင်းဗေးတာသောသ
Ph:09 450024419
09 790629747

သန်းသန်းမြင့်ဦး
အိမ်ခြံမြေအရောင်းအဝယ်
09-420067001
09-428777677

သိန်းသန်းအောင်
အိမ်ခြံမြေ/အိမ်ခွာလှုပ်ငန်း
ပြုပြင်/နယ်ဝေး
09-440390558
09-784109116

ASIA MAN
09 400 343 990,09 400 343 992

| | |
|---|---|
| Unitex | 90,170, 220 |
| Orient | 150, 250, 300 |
| Premier | 220, 350, 400 |
| ICI | 300, 400, 650 |

Ph:09-73200656

ရာဇာဇော်ဝင်း
01-394727, 01-399426, 09-73009994(LL.B.)
09-5152521

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ ထခွဲ အလက(၁၇) ပဥ္စမတန်း(B)မှ မောင်ဆက်ပိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးခင်သိန်းဇော် [၁၂/ထတပ(နိုင်)၀၀၁၀၈၆]ဖြစ်ပါသည်။

## အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈)ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်သော **okr@tDU**ရရှိသည့် **ဒေါ်ခင်စန်းဦး (လူမှုထူးချွန်တတိယဆင့်)** အား အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း - ဦးအေးမြင့် [မြတ်မင်္ဂလာအိမ်ဆောက်ပစ္စည်းနှင့် စက်သုံးဆီအရောင်းဆိုင် (၁)၊ ပန်းတနော်မြို့]
ချစ်သမီးကြီး - ကိုဟန်ထွန်း-မခိုင်ဇာလင်း [ကုန်စည်ပို့ဆောင်ရေး+စတိုးနှင့် မြတ်မင်္ဂလာစက်သုံးဆီအရောင်းဆိုင် (၂)၊ ပန်းတနော်မြို့]
ချစ်သားကြီး - ကိုအောင်ကိုဦး-မသူဇာမင်း [ပဲမျိုးစုံရောင်းဝယ်ရေးနှင့် မြတ်မင်္ဂလာစက်သုံးဆီအရောင်းဆိုင် (၃)၊ တိုက်ကြီးမြို့]
ချစ်မြေးများ - မခိုင်သဥ္ဇာထွန်း၊ မောင်အောင်မြင့်မြတ်၊ မငုရွှေဝါ၊ မဆုမြတ်ရတနာ၊ မသီရိရတနာ

## မြေညီ(၁)ခန်း+ကွန်ဒို(၁)ခန်း ငှားမည်

(၁) လသာမြို့နယ်၊ လသာလမ်း (အထက်လမ်း) မြန်မာနိုင်ငံစာစစ်ဌာန မျက်စောင်းထိုး ပေ(၁၂½×၆၀)အကျယ်ရှိ မြေညီထပ် အခန်းငှားမည်။ တစ်လ(၁၈)သိန်း။
(၂) ကမာရွတ်မြို့နယ် လှည်းတန်းစင်တာအပေါ်ထပ်ရှိ ကွန်ဒိုအခန်း ငှားမည်။ အကျယ်-၆၀၀ Sq/ft တစ်လ- ၈သိန်း။

ဖုန်း-၀၉ ၅၁၄၁၆၆၇၊ ၀၉၅၀၂၀၈၀၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာ(၁၃)လမ်း၊ အိမ်/မြေအမှတ်(၆၁၃/က)၊ ဧရိယာ(၀. ၀၂၇)ဧက၊ စတုရန်းပေ(၁၂၀၀)၊ (အလျား×အနံ)၊ ပေ(၂၀×၆၀)အကျယ်အဝန်း၏ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံ ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်များဖြစ်ကြသော ၁။ ဒေါ်စန်းရီ၊ ၂။ ဒေါ်အုံးမြတို့မှ ရောင်းချခဲ့ပြီး အဆက်ဆက်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားကြသော ၁။ ဦးသန်းမွေး[၁၂/သကတ(နိုင်)၀၈၂၃၀၁]၊ ၂။ ဒေါ်ဝါဝါခိုင်[၁၂/သကတ(နိုင်) ၁၀၂၁၆၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိမိဇော် [၁၁/မအန(နိုင်)၀၄၇၉၂၉]မှတရားဝင်ဝယ်ယူရန်အတွက် ၁၆-၁-၂၀၁၈ရက်တွင် စရန်ငွေကျပ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ပေးချေဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လှိုင်**
**LL.B,D.B.L,W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၆၂၃)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၆၂၄၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်နန်းထက်ထက်ဇော် LL.B,D.B.L,D.I.L

ထိပ်တန်း
အိမ်ခြံမြေ/အိမ်ခွာလုပ်ငန်း
ပြုပြင်/နယ်ဝေး
09-254256969
09-971322259

ဝန်ထမ်းအလိုရှိသည်
(၂) အလုပ်သင် Guide
(၃) ကျွမ်းကျင် Guide

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

Spuer Shine Group of Company

dragonfly

စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၄/၁၃၀၈၆/၂၀၁၇

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို Zhejiang Win Way Machinery Co., Ltd. (Industrial Area, Huzhen, Jinyun, Zhejiang, China) က ... Serial Number ... dragonfly ... Super Shine Group of Company (Myanmar) ...

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမောင်မောင်ဝေ
ဦးသောင်းဝင်း
ဦးဇော်ဇော်အောင်
ဦးထက်နိုင်ထွန်းမြိုင်

ဦးချစ်ကိုကို

# " အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "

မန္တလာဆေးရုံသည် ကျန်းမာရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO 9001:2015 အားလက်စံရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ မိဘပြည်သူများ၏ ကျန်းမာရေးအတွက် ဆတက်ထမ်းပိုးပိုမိုအကျိုးပြုနိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- JJ Pun Trading Company Limited
- Medi Tech Co.Ltd
- ELOTUS International Laboratory Services
- Hemas Mandalar Pharmaceuticals Limited
- Okkar Thiri Company Limited
- Myat Taw Win Hospital (Taunggyi)

City Mart Supermarket

GREAT SAVINGS on your daily needs!!

5 days only — Limited time: 27 to 31 - Jan, 2018




Prices may change without prior notice. While Stocks Last! All items limited to 3 pcs per customer. For more information, please visit our facebook page and website.

Like Us On Facebook ▸ City Mart Supermarket Myanmar




1Month 1100 USD
09 770877057, 09 5012322

ရောင်ခြည်ထစ်
Ph:09-450454771
09-450454772
09-450454773

ကျော်သာထက်မှာ ဆေးထုတ်ပါ
OEM/ODM
PRIVATE LABELLING SERVICE



KTH
E-mail: k@kshproducts.com, facebook.com/ KSH Co.,Ltd




Kembangan UHC Hospital
Hotline : 09 772 458 611
Tel : 01 540 661, 09 795 899 634
fb : Kembangan Group of Medical Centres

ရောင်း/ငှား (သို့) Condo နဲ့လဲမည်
(ဂုတ်မြေ) မျက်နှာစာ 70'×53' ပေအသင့်
ဆက်သွယ်ရန် - 09 5112830, 09 5169505


LOI HEIN CO.,LTD.
လွိုင်ဟိန်းကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးသော "Life" သောက်ရေသန့်ဘူးများအား
Cap Seal မပါသော ဘူးဒီဇိုင်းအသစ်ဖြင့် ပြောင်းလဲဖြန့်ဖြူးလိုက်ပါသည်။
Cap Seal မပါသော
ဘူးသစ်များအား
ယုံကြည်စိတ်ချစွာ
ဝယ်ယူအားပေးနိုင်ပါသည်။
Life
PURIFIED DRINKING WATER
LIFE FOR LIFE
1 Litre
ဝယ်ယူအားပေးမှုအားကျေးဇူးတင်ပါသည်။
အမှတ် (၁၁၇)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 09 502 496 7

# စံဟိန်း ပညာရေး ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေးမြို့

## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်

## တက္ကသိုလ်ဝင်တန်း စကောလားရှစ် ပညာသင်ဆုချီးမြှင့်ရန် လျှောက်လွှာခေါ်ယူခြင်း

စံဟိန်းပညာရေး စကောလားရှစ် ပညာသင်ဆုကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ပြီး စံဟိန်းပညာရေး ကိုယ်ပိုင်အထက်တန်းကျောင်းသို့ တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကိုသာ ချီးမြှင့်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်ပြီး ကျောင်းတွင်းနေ ကျောင်းသား၊ ကျောင်းသူများသာမက ထူးချွန်ထက်မြက်သော မည်သည့်နဝမတန်း ကျောင်းသား၊ ကျောင်းသူများကိုမဆို စကောလားရှစ်ပညာသင်ဆုကို ချီးမြှင့်မည်ဖြစ်ပါသည်။

**ဆုချီးမြှင့်မည့်အစီအစဉ်များမှာ-**

၁။ ပညာသင်ကြေးစရိတ်
 (က) တစ်ဝက် စကောလားရှစ်ပညာသင်ဆု
 (ခ) အပြည့် စကောလားရှစ်ပညာသင်ဆု

၂။ အဆောင်စရိတ်နှင့် ပညာသင်ကြေးစရိတ်
 (က) တစ်ဝက် စကောလားရှစ်ပညာသင်ဆု
 (ခ) အပြည့် စကောလားရှစ်ပညာသင်ဆု တို့ကို ချီးမြှင့်ပေးပါမည်။

**စိစစ်ရွေးချယ်မည့်အစီအစဉ်**

၃။ နဝမတန်းဖြေဆိုပြီးသော ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူတိုင်း မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ ခွင့်ပြုချက်ဖြင့် ပညာသင်ဆုအတွက် အရည်အချင်းစစ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၄။ ပညာသင်ဆု စာမေးပွဲအချိန်စာရင်း

| နေ့ရက် | ဘာသာ | အချိန် |
|---|---|---|
| ၂၇. ၂. ၂၀၁၈ | မြန်မာစာ | နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီထိ |
| | အင်္ဂလိပ်စာ | မွန်းလွဲ ၁း၀၀ နာရီမှ ၂း၃၀ နာရီထိ |
| ၂၈. ၂. ၂၀၁၈ | သင်္ချာ | နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီထိ |
| | ဓာတုဗေဒ၊ ရူပဗေဒ | မွန်းလွဲ ၁း၀၀ နာရီမှ ၃း၀၀ နာရီထိ |

၅။ နဝမတန်းသင်ရိုးမှ ပြဋ္ဌာန်းချက်များနှင့်သဘောတရားများကို ထုတ်နုတ်မေးမြန်းပါမည်။ မြန်မာစာဘာသာအတွက် သဒ္ဒါ၊ အလင်္ကာနှင့် စာစီစာကုံးသာ မေးမြန်းပါမည်။

၆။ ရေးဖြေအောင်သူများသည် လူတွေ့ နှုတ်ဖြေစာမေးပွဲကို ၂. ၃. ၂၀၁၈ရက်တွင် ဆက်လက်ဖြေဆိုရမည်ဖြစ်ပါသည်။

၂၇. ၁. ၂၀၁၈ရက်မှစတင်၍ လျှောက်လွှာများတင်သွင်းနိုင်ပြီး နောက်ဆုံး လျှောက်လွှာပိတ်ရက်မှာ ၂၄. ၂. ၂၀၁၈ရက်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို စံဟိန်းပညာရေး ကိုယ်ပိုင်အထက်တန်းကျောင်း ရုံးခန်းတည်ရှိရာ အမှတ် -၉၁၊ ၄၁ လမ်း၊ ၈၃×၈၄လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့တွင် တနင်္လာနေ့မှ စနေနေ့အထိနံနက် ၈း၀၀နာရီမှ ညနေ ၆း၀၀နာရီအတွင်း အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

၀၉-၂၂၀၁၆၇၇၊ ၀၉-၂၀၆၀၆၃၆၊ ၀၉-၇၉၇၄၇၈၁၂၀၊ ၀၉-၇၉၇၄၇၈၁၂၁

စံဟိန်းပညာရေး ကိုယ်ပိုင်အထက်တန်းကျောင်း
မန္တလေးမြို့။

## "ဝိဇာတ" မင်္ဂလာဖိတ်ကြားခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မင်္ဂလာအောင်မြေ၊ ပရိယတ္တိ၊ ပဋ္ဌိပတ္တိကျောင်းတိုက် ပဓာန နာယက

**ဘဒ္ဒန္တနန္ဒိယ**

ဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ အမျိုးသားပထမကျော်၊ ကမ္မဋ္ဌာနစရိယ
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကထိက
သံဃာတော်များ ဦးဆောင်သော လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော်၏ သက်တော်(၆၀)ပြည့် "ဝိဇာတ" မွေးနေ့မင်္ဂလာကို ၁၃၇၉ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄)ရက်၊ ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် (၈း၀၀) နာရီတွင် "ကတညုတာ၊ ကတဝေဒီ" မင်္ဂလာတရားတော်နှင့်အညီ ကျင်းပပူဇော်ကြမည် ဖြစ်ပါသောကြောင့်

**"ဝိဇာတ"** မင်္ဂလာအခမ်းအနားကို
ကြည်နူးဝမ်းမြောက်၊ ကြွရောက်ပူဇော်နိုင်ပါရန် ရပ်နီး၊ ရပ်ဝေးတပည့်သံဃာ/ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

**ဝိဇာတမင်္ဂလာဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**
**မင်္ဂလာအောင်မြေ ပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၉-၄၅၂၁၉၄၃၃၂၊ ၀၉-၈၅၆၈၈၈၀**










## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၂၊ မြေကွက်အမှတ်-၂၆၅၊ မြေကွက်တည်နေရာအမှတ်-၂၆၅/၁၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးတင်ငွေ)[SRM-၀၀၉၄၇၂] အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်ငွေထံမှ (၄-၉-၁၉၉၇)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မြ[AHI-၅၇၅၃၈၂]မှ ဝယ်ယူခဲ့ပြီး တစ်ဖန်ဒေါ်ခင်မြ[၁၂/မရက(နိုင်)၀၅၂၆၂၅]ထံမှ ၇-၂-၂၀၁၂ ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးထက်အောင်လွင်[၉/တကန(နိုင်)၁၃၅၀၉၉]မှ ပါမစ်မိတ္တူ မှန်တင်ပြ၍ ဂရန်သစ်လျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပါသည်။ သို့ပါ၍ ဦးထက်အောင်လွင်မှ ပါမစ်မိတ္တူမှန်တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၁၀)၊ ဧရိယာ(၀. ၀၉၉)ဧကရှိ ဦးမြင့်ထွန်းအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်ခင်မမ(ဘ) ဦးဘိုးသား[၉/ပမန(နိုင်)၁၈၀၈၆၆]မှ ဦးမြင့်ထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်၊ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် အမွေဆက်ခံစာချုပ်အမှတ်-၈၈/၂၀၁၇ မူရင်းများတင်ပြ၍ မှတ်ပုံတင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# THE CENTRAL

WHERE THE FINEST MEETS

**FIRST VIEWING OF 'THE CENTRAL' GALLERY SHOWROOM AND UNVEILING OF OUR LATEST LUXURY SHOW-FLAT**





Please come visit our new gallery showroom and receive amazing discount only in January 2018.




**HOTLINE**
**+959 777 773 770**
/THECENTRALYANGON

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar.

**GALLERY SHOWROOM**
No. 7 - 8, Kabar Aye Pagoda Road, Yankin Township, Yangon.
www.thecentral.com.mm

Thitsar Boddhi Travels & Tours Co.,Ltd.

# သစ္စာဗောဓိ

ကိုကျော်အောင် ဦးစီးသော သစ္စာဗောဓိဘုရားဖူးအဖွဲ့

(၂)ပတ်ခရီးစဉ်ထွက်ခွာမည့်ရက် (၁၂.၂.၂၀၁၈)(၃.၃.၂၀၁၈)(၂၆.၃.၂၀၁၈)(၁၁.၄.၂၀၁၈)

အမှတ်(၈၂)၊ ဒုသဓေလမ်း(၅၃)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၈ ၃၉၇၈၆၁၀ ၊ ၀၉ ၅၅၃၅၀၈၈၀၈၁ ၊ ၀၉ ၈၃၀၂၀၈၅၅ ၊ ၀၉ ၂၅၀၈၅၅၈၈၈

09442140334,09784217677

## ပေါ်မြူလာစတား Travel & Services

### ဗုဒ္ဓဂယာခရီးစဉ်

၁၅ ည ၁၆ ရက် — မတ် - ၁၃

၇ ည ၈ ရက် — ဧပြီ - ၁၀

Ph: 01 2301866, 09-5129134, 09-795429379

09-422228733, 09-422228833

## ရခိုင်ပြည်ဘုရားဖူးခရီး

220000/ 150000/ 02-02-2018

Ph:09448003431,0949660481

ဆုံသစ္စာ
Car rental
Ph : 09799566761
095504667

SN TRAVELS & TOURS
2018 ခရီးစဉ်များ
fb/sntravelmyanmar
01-387 304
09-51 77940
09-43113818

ဟိုချီမင်း-မိုးနဲ-ဒါလတ် (4D)(455$)(Mar-1,24)
ဟန်ဂွင်း-ဟာလောင်ဘေး (4D)(465$)(Feb-10)
ကမ္ဘောဒီးယားသီးသန့် (4D)(475$) (Mar-1,24)
ဗီယက်နမ်-ကမ္ဘောဒီးယား (6D)(655$)(Mar-1,24)
ဘန်ကောက်-ပတ္တယား (4Days)(430$)

အလင်းရောင်
09 4210 61860
09 4211 29597

မိဘစံအိမ်
အိမ်ခြံမြေအကျိုးဆောင်
09-427677796
09-427677797
09-427677798

Holiday
၂၀၁၈ - ဖေဖော်ဝါရီ(၃)ရက်နေ့ဖွင့်မည်
Ph:09-422206157, 09-422206158, 09-8672114




Singapore နိုင်ငံမှတင်သွင်းပြီးနည်းရှုံး Quality ကောင်းမွန်သော အိပ်ယာခင်း၊ စောင်၊ ခေါင်းအုံးများကို လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

NOW AVAILABLE AT Ocean marketplace SPIRITS တို့မှာဝယ်ယူရရှိနိုင်ပါသည်။
www.goldenedensleepsolutions.sg
GoldenEdenSleepSolutions

မင်္ဂလာပါ
အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း
09-450042704
09-250095116
09-420096296

တာဝတိံသာ
09-32152526
09-421024222
09-31483218
09-49344288

စိန်ငါးလုံး လိမ်းဆေးရည်

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။




ငွေပုံကြီး
09-260555540

ရွှေညီကို
09-402116144

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

# ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
# သမိုင်းတံခွန် ဦးထွန်းနွယ်
ဦးစီးတည်ထောင်သော

# ပညာနန်းတော်
အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း၊ အထူးအဆင့်မြင့်ဘော်ဒါ
၂၀၁၈ - ၁၉ ပညာသင်နှစ်အတွက်
ဘော်ဒါ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း
(အတန်းငယ်များကို ဘော်ဒါလက်မခံပါ)
နေ့ကျောင်းကြီး ▸ သူငယ်တန်းမှ ၁၀ တန်းထိ
အဆောင်မှူး ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်။

